မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်၊ ၂၀၁၂ ခုနှစ်၊ ဧပြီ ၃ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၈၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

လယ်ယာမြေဥပဒေပြဋ္ဌာန်း

လယ်ယာမြေဥပဒေ

(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁။)

၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်

(၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၁။ ဤဥပဒေကို လယ်ယာမြေဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင် အာဏာတည်ရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေ ရမည် -

(က) **လယ်ယာမြေ** ဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင် စိုက်ပျိုးသောမြေ၊ ခနိမြေ၊ ဥယျာဉ်မြေဟုသော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်၊ ပန်းမန် စိုက်ပျိုးသည့် ဦးမြေဟုသော်လည်းကောင်း၊ မြေနုကျွန်းမြေဟုသော်လည်းကောင်း သတ်မှတ် သည့် မြေများကို ဆိုသည်။ ယင်းစကားရပ်တွင် မြို့နယ်မိမိတ်၊ ကျေးရွာနယ်မိမိတ်အတွင်းရှိ လူနေအိမ်ရာများ၊ ဘာသာရေးအဆောက်အအုံနှင့် ပရဝဏ်များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုး ရေးအတွက် အသုံးမပြုသောမြေများ မပါဝင်။

(ခ) **လယ်မြေ** ဆိုသည်မှာ သဘာဝအရသော်လည်းကောင်း၊ လူတို့ဖန်တီးသော နည်းလမ်းအရ သော်လည်းကောင်း စိုက်ပျိုးရေရှည်ပြီး ရေထိန်းသိမ်းနိုင်စေရန် ဆောင်ရွက်ထားသည့် စပါး သီးနှံ အဓိကစိုက်ပျိုးသောမြေကို ဆိုသည်။

(ဂ) **မြေနုကျွန်းမြေ** ဆိုသည်မှာ ရေအောက်သို့နစ်မြုပ်ခဲ့ပြီး နှစ်စဉ် ရေကြောင်းအနေအထားအရ မြေသားနှင့်ပုံသဏ္ဌာန်ပြောင်းလဲသည့် မိုင်မြမှုမရှိသောမြေကို ဆိုသည်။

(ဃ) **လယ်ယာမြေလုပ်ပိုင်ခွင့်** ဆိုသည်မှာ နိုင်ငံတော်သည် မြေယာအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်၍ လယ်ယာမြေကို စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန်အလို့ငှာ ဤဥပဒေ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လက်ဝယ်ထားရှိ၍ စိုက်ပျိုး လုပ်ကိုင် အသုံးချခွင့်ပြုခြင်းကိုဆိုသည်။ သို့ရာတွင် မြေပေါ် မြေအောက်ရှိ ကျောက်မျက်၊ သတ္တု၊ ရေနံနှင့်ဓာတ်ငွေ့ စသည့် သဘာဝသယံဇာတများ ထုတ်ယူအသုံးချခွင့် မပါဝင်။

(င) **တောင်သူလယ်သမား** ဆိုသည်မှာ အောက်ဖော်ပြပါတစ်ရပ်ရပ်နှင့် ကိုက်ညီသူကိုဆိုသည် -

(၁) မြေကိုအသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် လုပ်ငန်း နှစ်ရပ်စလုံးကို မိမိ၏ အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် မိမိကိုယ်တိုင်လုပ်ကိုင်သူ သို့မဟုတ် မိမိကိုယ်တိုင် အစဉ်တစိုက်လုပ်ကိုင်ခဲ့သူ၊

(၂) ဆိုင်ရာနှစ်တွင် မြေကိုအသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် လုပ်ငန်းနှစ်ရပ်လုံးကို မိမိ၏ အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ငန်း လုပ်ကိုင်ခဲ့ပြီး တစ်လျှောက်လုံး ကိုယ်တိုင်ကြီးကြပ်လုပ်ကိုင်သူ၊

(၃) မြေကိုအသုံးပြု၍ ရာသီသီးနှံ၊ ဥယျာဉ်ခြံသီးနှံ၊ နှစ်ရှည်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန် သို့မဟုတ် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ရန်အလို့ငှာ အရင်းအနှီး မတည် စိုက်ထုတ်၍ လုပ်ငန်းလုပ်ကိုင်ခြိုက် တစ်လျှောက်လုံး ကိုယ်တိုင်လုပ်ကိုင်သူ သို့မဟုတ် ကြီးကြပ်စီမံလုပ်ကိုင်သူ၊

(၄) မြေကိုအသုံးပြု၍ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူ၊

(၅) စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ယင်းတို့နှင့်ဆက်နွယ်လျက်ရှိသော ထုတ်လုပ်မှု လုပ်ငန်းအလို့ငှာ မြေကိုအသုံးပြု၍ ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့် သားပေါက်များ ကိုယ်တိုင် ထုတ်လုပ်ရောင်းချသူ။

(စ) **တောင်သူလယ်သမားအိမ်ထောင်သားစု** ဆိုသည်မှာ သွေးသားတော်စပ်၍ဖြစ်စေ၊ အိမ်ထောင် မှုဖြင့် တော်စပ်၍ဖြစ်စေ၊ အတူတကွနေထိုင်လျက် ၎င်းအိမ်ထောင်သားစုတွင် အကြီးအကဲ ဖြစ်သူ တောင်သူလယ်သမားတစ်ဦး၏ မိသားစုဝင်များကို ဆိုသည်။

(ဆ) **အိမ်ထောင်သားစုအကြီးအကဲ** ဆိုသည်မှာ အိမ်ထောင်သားစုတစ်စု၏ အကြီးအကဲဖြစ်၍ ထို အိမ်ထောင်သားစုတွင် လုပ်ငန်းများကို ခေါင်းဆောင်လုပ်ကိုင်သူကို ဆိုသည်။

(ဇ) **အဆောက်အအုံဖြင့် တိုးတက်ကောင်းမွန်စေရန်ပြုပြင်ခြင်း** ဆိုသည်မှာ လယ်ယာမြေကို လက်ရှိ လုပ်ပိုင်ခွင့်ရှိသူ၏ သို့မဟုတ် ထိုလုပ်ပိုင်ခွင့်ရှိသူ၏ လက်ရှိမရရှိ ယင်းလယ်ယာမြေကို အခြား လုပ်ပိုင်ခွင့်ရှိသူများ၏ စရိတ်ဖြင့်သော်လည်းကောင်း၊ လုပ်အားဖြင့်သော်လည်းကောင်း ပြုပြင် ခြင်းကြောင့် လယ်ယာမြေ၏တန်ဖိုးကို ထာဝစဉ်မြင့်စေသည့် ပြုပြင်ခြင်းကို ဆိုလိုသည်။ ယင်းစကားရပ်တွင် လယ်ယာလုပ်ကိုင်သူနေထိုင်ရန် သို့မဟုတ် လယ်ယာလုပ်ငန်းကို အထောက် အပံ့ဖြစ်စေရန် တည်ဆောက်ပြုလုပ်ထားသော အဆောက်အအုံ၊ ရေထုတ်ရေသွင်းအတွက် လုပ်ဆောင်ထားမှုများ၊ ဆည်မြောင်းများ၊ ကန်များ၊

စာမျက်နှာ ၈ ကော်လံ ၁ *

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံသို့ထွက်ခွာ

နေပြည်တော် ဧပြီ ၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကမ္ဘောဒီးယား နိုင်ငံ ဖနောင်ပင်မြို့၌ကျင်းပမည့် အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် အဖွဲ့ဝင်များလိုက်ပါလျက် ယနေ့နံနက် ၉ နာရီ တွင် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း အထူး လေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာသွားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များအား

စာမျက်နှာ ၃ ကော်လံ ၁ ◆

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပမည့် အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီး ဆွေးနွေးပွဲသို့တက်ရောက်ရန် ထွက်ခွာသွားသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များအား ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တာဝန်ရှိသူ များက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက် ကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဟော်
(၂၀၁၂ ခုနှစ် ဖေဖြို ၃ ရက်)

သက်ကြီးသူတို့ ကျန်းမာဖို့ လူမှုဘဝဖြင့်တင်စို့

လူတိုင်း လူတိုင်းသည် သက်ရှည်ကျန်းမာလိုကြသည်။ ''ဒီအမေ၊ ဒီအဖေ၊ ဒီဆွေမျိုးတွေ၊ ဒီသား၊ ဒီမယား၊ ဒီမြေးတွေနဲ့ အသက်ရာကျော်ရှည်ရပါလိုၿ၏'' ဟူ၍ ဆုမတောင်းဖူးသူမရှိ။ တစ်ခါ လူကြီးသူမများနှင့် တွေ့ကြသည့်အခါတွင်လည်း ''အသက်ရှည်ပါစေ၊ ဘုန်းကြီးပါစေ'' စသည်ဖြင့် ဆုပေးစကားများ မကြာမကြာ ပြောကြားကြသည်။ ဤအချက်များကို လေ့လာခြင်းဖြင့် လူတိုင်း လူတိုင်းသည် အသက်ရှည်လိုကြသည်ဆိုခြင်းမှာ ထင်ရှားၿ၏။

သို့ပင်ဖြစ်လင့်ကစား အသက်ရှည်ရုံနှင့် မပြီး။ ကျန်းမာမှိလည်း လိုပေသေးသည်။ ကျန်းမာမှိဆိုတာလည်း လူမှုဘဝပြည့်စုံဖို့ လိုသေးသည်မဟုတ်လား။ ထို့ကြောင့်ပင် ဇဝြိ ၇ ရက်တွင်ကျရောက်မည့် ကမ္ဘာ့ကျန်းမာရေးနေ့တွင် ''သက်ကြီးသူတို့ ကျန်းမာဖို့ လူမှုဘဝ မြှင့်တင်စို့''ဟူ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ပြန်ကြေညာထားသည်။ ဤဆောင်ပုဒ်အရ လူတိုင်းလူတိုင်းသည် မိမိတို့နှင့် ရင်းနှီးသည် မရင်းနှီးသည်၊ ဆွေမျိုးတော်သည် မတော်သည် အဓိကမဟုတ်။။ သက်ကြီးရွယ်အို မှန်လျှင် ထိုသက်ကြီးရွယ်အိုတို့အား သဒ္ဓါတတ်အားသရွေ့ပေးကမ်းခြင်း၊ လှူဒါန်းခြင်းအမှုကို ပြုထိုက်ပေ၏။ သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်မှုကို အလေးထားဆောင်ရွက်သင့်၏။ သို့မှသာ သက်ကြီးရွယ်အိုများ၏ လူမှုဘဝကို မြှင့်တင်ပေးရာ ရောက်ပေလိမ့်မည်။

ယနေ့ကမ္ဘာတွင် အစားအသောက် အနေအထိုင်များ ပြောင်းလဲလာခြင်း၊ ခေတ်မီဆေးဝါးကုသမှုစနစ်များ ထွန်းကားလာခြင်းတို့ကြောင့် အသက်ရှည်သူအရေအတွက် ပိုမိုများပြားလာသည်။ လူသက်တမ်းသည် ၇၀-၇၅ ဟုဆိုကြ၍ အသက် ၆၀ ကျော်လျှင် သက်ကြီးရွယ်အိုအဖြစ် သတ်မှတ်ထားသည်။ သို့သော် အသက် ၆၀ ကျော်သူတိုင်း အိမ်ငြိမ်းမနေမိုးကြသူများမဟုတ်ပေ။ လက်ရှိ မြန်မာနိုင်ငံတွင် သက်ကြီးရွယ်အို ဦးရေမှာ ၁၀ ရာခိုင်နှုန်းသာရှိ၏။ လူ ၁၀၀ လျှင် တစ်ဦးမှာ အသက် ၆၀ အထက်ရှိကြောင်း သိရ၏။ သက်ကြီးရွယ်အိုများအား အဓိကဖြိမ်းခြောက်လျက်ရှိသည့် ကျန်းမာရေးပြဿနာမှာ မကူးစက်နိုင်သည့် ရောဂါများပင်ဖြစ်၏။ ထိုရောဂါများမှာ သွေးတိုး၊ ဆီးချို၊ နှလုံးနှင့် ကင်ဆာရောဂါအမျိုးမျိုးပင်ဖြစ်၏။ ဤရောဂါလေးမျိုးသည် ယနေ့သက်ကြီးရွယ်အိုလူဦးရေအများစုတွင် ဖြစ်ပွားလေ့ရှိသည်။ မြန်မာနိုင်ငံတွင် သက်ကြီးရွယ်အိုအများစုသည် ဆေးလိပ်သောက်သုံးကြသည်။ ဆေးလိပ်ကြောင့် သွေးတိုး၊ နှလုံးနှင့် ကင်ဆာရောဂါများ ဖြစ်ပွားနိုင်သည်ကို သတိပြုသင့်ပေသည်။

ထို့ကြောင့် သက်ကြီးရွယ်အိုများအနေဖြင့် အရက်နှင့်ဆေးလိပ်သောက်သုံးခြင်းကို လုံးဝရှောင်ရှားသင့်၏။ လမ်းလျှောက်ခြင်းကဲ့သို့သော ကျန်းမာရေးလေ့ကျင့်ခန်းတစ်ခုခုကို နေ့စဉ်ပြုလုပ်သင့်၏။ သက်ကြီးရွယ်အိုများသည် အစာကြေလွယ်သည့် အစားအသောက်များနှင့် ဟင်းသီးဟင်းရွက်များ ပိုမိုစားသုံးသင့်၏။ အသက်အရွယ်ကြီးလာသည့်အခါ အစားအသောက်များ မစားချင် မသောက်ချင်ဖြစ်လာတတ်၏။ ထိုအခါ မိသားစုများက အသက်ကြီးသူများ စားချင်သောက်ချင်လာအောင် ကောင်းနိုးရာရာများ ပြုလုပ်ကျွေးမွေးသင့်၏။ သို့မှသာ အဟာရပြည့်ဝပြီး ကျန်းမာခြင်းရှိပေမည်။ အဟာရချို့တဲ့လာသည်နှင့်အမျှ ရောဂါဝင်တတ်၏။ ကျန်းမာရေးစစ်ဆေးမှုကို မကြာမကြာ ပြုလုပ်ပေးသင့်၏။

သို့ပါ၍ သက်ကြီးရွယ်အိုများ သက်ရှည်ကျန်းမာစေရေးအတွက် လိုအပ်သည့် ဆေးဝါးကုသမှုများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးနှင့်အညီ နေထိုင်စားသောက်နိုင်စေရန် ဖြည့်ဆည်းပေးခြင်း၊ အရက်နှင့်ဆေးလိပ် သောက်ခြင်းမှ ရှောင်ကြဉ်စေခြင်း၊ ကျန်းမာရေးအတွက် လေ့ကျင့်ခန်းများ ပြုလုပ်စေခြင်းစသည့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအစီအမံများ ပြုလုပ်ပေးသင့်ပါကြောင်း တိုက်တွန်းလိုက်ရပါသည်။ ။

စာဖတ်ရှုနိုင်မြှင့်တင်ရေးအခမ်းအနား အင်းစိန်မြို့နယ်၌ကျင်းပ

ရန်ကုန် ဖေဖြို ၂

ရန်ကုန်မြောက်ပိုင်းခရိုင် စာဖတ်ရှုနိုင်မြှင့်တင်ရေး ဖွင့်ပွဲအခမ်းအနားကို မတ် ၂၉ ရက် နံနက် ၈ နာရီခွဲက အင်းစိန်မြို့နယ်မြို့သစ်(၇)ရပ်ကွက် အမြင်သစ် စာကြည့်တိုက်ရှေ့၌ကျင်းပရာ အခမ်းအနားကို မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းပတ္တိအဖွဲ့ဥက္ကဋ္ဌ လယ်တွင်းသားစောချစ်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးတို့က ဖီတြုဖြတ် ဖွင့်လှစ်ပေးကြသည်။ (အမေါ်ပုံ)

ဆက်လက်၍ စာပေဟောပြောပွဲကို မြို့သစ်(၇)ရပ်ကွက် အမေက(၁၄)၌ ကျင်းပရာ စာရေးဆရာ လယ်တွင်းသားစောချစ်နှင့် စာရေးဆရာ နွမ်ဂျာသိုင်းတို့က စာပေရေးရာများဟောပြောပြီးနောက် စာစီစာကုံး ကျပန်းစကားပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

နိုင်ငံသားစိစစ်ရေးကတ်ပြား စစ်တွေ၌ပေးအပ်

စစ်တွေ ဖေဖြို ၂

မိုးပွင့်အဆင့်(၂) စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို မတ် ၂၀ ရက် နံနက် ၁၀ နာရီက စစ်တွေမြို့ ရွာကြီးမြောက်ရပ်ကွက် ပရဟိတ မေမက္ကျိုင် ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ရခိုင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးကျော်ယဉ်ဦးက နိုင်ငံသားစိစစ်ရေးကတ်ပြား ၆၅ ကတ်ကို ရွာကြီးမြောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမောင်ထွန်းအောင်ထံသို့ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ထာဝံ)

(မြို့နယ်လ၀က)

နာယကဆရာတော်ကြီးများ ပူဇော်ပွဲနှင့် ဆန်ဆီဆားလှူဒါန်းပွဲကျင်းပ

နေပြည်တော် ဖေဖြို ၂

မွန်ပြည်နယ် မော်လမြိုင်မြို့၊ မော်လမြိုင်ဆန်လှူအသင်း၏ နှစ်(၃၀) ပြည့် နာယကဆရာတော်ကြီးများ ပူဇော်ပွဲနှင့် မြို့နယ်စာသင်တိုက်များသို့ ဆန်၊ ဆီ၊ ဆား လှူဒါန်းပွဲကို မတ် ၃၁ ရက် နံနက် ၈ နာရီက အောက်ကျင်းရပ်ကွက် ဖလ်ယဉ်မွေ့ခရုံဂျကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ၊ ကထိုးမဟာရင်ကျောင်း ဆရာတော် အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအာဒိစ္စထိမ့ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေနှင့် ပြည်နယ်ဝန်ကြီးများက နာယကဆရာတော်ကြီး(၁၇) ပါးတို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အလှူရှင်များက ကျောင်းပေါင်း ၃၆၀ မှ သံဃာ ၇၉၄၈ ပါးနှင့် သီလရှင် ၉၂၅ ပါးတို့အား စုစုပေါင်းကွေကျပ်သိန်း ၁၃၀ ကျော်တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ ပဲငံပြာရည်စသည့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပရိယတ္တိမွေဒိမာန်တော်ကြီး၌ ကျင်းပလျက်ရှိသည့် ၂၀၁၂ ခုနှစ် အစိုးရ ပထမပြန်နှင့် မွန်ဘရိယစာမေးပွဲတွင် ကြီးကြပ်ရေးဆရာတော်များ အဖြစ် ဆောင်ရွက်တော်မူကြသော သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းပြီး စာဖြေသံဃာတော်များ၏ စာမေးပွဲဖြေဆို နေမှုကို ကြည့်ရှု ကြည်သိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အသေးစားငွေချေးလုပ်ငန်းဆိုင်ရာ လက်ပံတန်းမြို့နယ်၌ ရှင်းလင်း

လက်ပံတန်း ဖေဖြို ၂

ပဲခူးတိုင်းဒေသကြီး အသေးစားငွေချေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီမှ အသေးစားငွေစုငွေချေးလုပ်ငန်းရှင်းလင်းဆွေးနွေးပွဲကို မတ် ၂၇ ရက် နံနက် ၁၁ နာရီက လက်ပံတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်လွင်ဦးက မြို့နယ်အတွင်းဆောင်ရွက်ထားသည့် အသေးစားငွေစုငွေချေးလုပ်ငန်းနှင့်ပတ်သက်၍ ဥပဒေညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားရန် ဆွေးနွေးပြောကြားသည်။ အဆိုပါ ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး မြို့နယ်အဆင့်ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ အသေးစားငွေချေးကြေးရေးလုပ်ငန်းဆောင်ရွက်နေသော သမဝါယမအသင်းမှ ဒါရိုက်တာအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် Myanmar Finance Co.,Ltd. မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း မြို့နယ်အဆင့် အသိပေးညှိနှိုင်းပွဲဆွေးနွေး

ကြာအင်းဆိပ်ကြီး ဖေဖြို ၂ ဆွေးနွေးတင်ပြသူ

အစုလိုက်တ်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း(၂၀၁၂) မြို့နယ်အဆင့် အသိပေးညှိနှိုင်းဆွေးနွေးပွဲအခမ်းအနားကို ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့ မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ မတ် ၁၅ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမောင်မောင်လွင်က ကာကွယ်ဆေးထိုးလုပ်ငန်းနှင့်ပတ်သက်၍ အသိပေးဆွေးနွေးတင်ပြသည်။ (အမေါ်ပုံ)

ဓာတ်ပြုရုံဖြင့်တင်ရေး ဓာတ်ပြိုင်

တာချီလိတ် ဖေဖြို ၂

ကျေးလက်နေပြည်သူများ ဓာတ်လိုစိတ်ရှိပြီး ဓာတ်သည့်အလေ့အထများ ရရှိစေရန် တာချီလိတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်းပြီး ဓာတ်ရိုက်ခြင်းနှင့် ဓာတ်ပြိုင်ပွဲကို မတ် ၂၀ ရက် မွန်းလွဲ ၂ နာရီက ဖန်ပင်ကျေးရွာအုပ်စု မယ်ယန်းကျေးရွာ ဆုံစည်းရာ စာကြည့်တိုက်၌ ကျင်းပသည်။

စာဖတ်ပြိုင်ပွဲတွင် မြန်မာ့အလင်း သတင်းစာကို ကျေးလက်ပြည်သူ ၁၉ ဦး ယှဉ်ပြိုင်ဖတ်ကြသည်။ ထို့နောက် ဆုများ ချီးမြှင့်ရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကိတာ ဒေါ်ငွေးငွေးဝင်းက ပထမဆုရရှိသော မသေဇင်ထွေးအား လည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်လွှမ်း သူဇာက ဒုတိယဆုရ မောင်နိုင်လင်း အောင်အား လည်းကောင်း၊ ခရိုင်ဦးစီးအရာရှိ ဦးမောင်ကြည်က တတိယဆုရ မနန်းဘုအား လည်းကောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်နိုင်က နှစ်သိမ့်ဆုရရှိသူများအား လည်းကောင်း ဆုများ ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်း သိရှိရသည်။

(ကျန်းမာရေး)

စာဖတ်ရှုနိုင်မြှင့်တင်ရေးဆုပေးပွဲနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

လမ္မတ္တာ ဖေဖြို ၂

ရောဝတီတိုင်းဒေသကြီး လမ္မတ္တာမြို့နယ် လမ္မတ္တာလုပ်ကောင်ကေးရွာအုပ်စု သရက်ကုန်းကျေးရွာတွင် ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၃ နာရီက စာဖတ်ရှုနိုင်မြှင့်တင်ရေးဆုပေးပွဲနှင့် စာအုပ်လှူဒါန်းပွဲကျင်းပရာ လမ္မတ္တာခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်က အမှာစကားပြောကြားပြီး ရောဝတီတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးဌေးထွန်းက စာဖတ်ရှုနိုင်မြှင့်တင်ရေးမဲပွဲများ ဆောင်ရွက်ရမှုကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

အဆိုပါ စာဖတ်ရှုနိုင်မြှင့်တင်ရေး ဆုပေးပွဲနှင့် စာအုပ်လှူဒါန်းပွဲတွင် အလွတ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံးရှုနိုင်မြှင့်တင်ရေးဆုပေးပွဲနှင့် စာအုပ်လှူဒါန်းပွဲကျင်းပရာ လမ္မတ္တာခရိုင်အုပ်ချုပ်ရေးမှူး ဦးဒေးမောင်ကြည်က အမှာစကားပြောကြားပြီး ရောဝတီတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးငွေထွန်းက စာဖတ်ရှုနိုင်မြှင့်တင်ရေးမဲပွဲများ ကျင်းပခြင်း၏ ရည်ရွယ်ချက်အကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ဆုများ ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်း မပြစေရန်။

(ခ) မီးဖိုသုံးစွဲပြီးပါက မီးကြိုးငီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ်ဆမှုမဖြစ်စေဘဲ အထူး သတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန

3-4 (02).pmd 1 4/3/2012, 3:05 AM

◆ ရွှေဖုံးမှ

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ဒိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လွိုင်၊ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဒုန်းမြင့်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွှန့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာဒီးယားနိုင်ငံသံရုံးမှ ပထမအတွင်းဝန် Mrs. Tuot Kunthea တို့က နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမျိုးမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဌာနဆိုင်ရာအဆင့်မြင့် အရာရှိကြီးများ လိုက်ပါသွားကြသည်။

ကြိုတင်ထွက်ခွာ

အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် အဖျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းတို့သည် ကမ္ဘာဒီးယားနိုင်ငံသို့ ကြိုတင်ထွက်ခွာသွားကြပြီး ဖြစ်သည်။ (သတင်းစဉ်)

❖ ကျောဖုံးမှ

မြန်မာ နိုင်ငံများ၏ ကူညီမှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ နှစ်နိုင်ငံ ရေပိုင်နက်ဧရိယာများအတွင်း တရားမဝင်လုပ်ငန်းများအပေါ် ပူးပေါင်းကာကွယ်လိုပါကြောင်း၊ မိမိ၏ ယခုခရီးစဉ်ကာလသည် မြန်မာအစိုးရ၏ သမိုင်းဝင်အဖိုနှိပ်ပြီးဆုံးပြီး အောင်စွာဆောင်ရွက်နိုင်ပြီဟု ယုံကြည်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

စုပေါင်းဓာတ်ပုံရိုက်

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဘင်္ဂလားဒေ့ရှ် လေတပ်ဦးစီးချုပ်တို့သည် အထိမ်းအမှတ်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ဘင်္ဂလားဒေ့ရှ်လေတပ်ဦးစီးချုပ် Air Marshal Shah Mohammad Ziaur Rahman, ndc, fawc, psc တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၃-၄-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ မင်းကွန်း
ဆရာတော်ကြီး၏
ပရိတ်တရားတော်
၇း၅၀ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
ညပိုင်း
၃း၁၅ AFC Cup 2012 Group Stageဘောလုံးပြိုင်ပွဲတိုက်ရိုက်
၅း၁၅ အစေးသင်တန်းသိုလ် ပညာရေးရပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (စီးပွားရေးဆက်သွယ်ရေး) (စီးပွားစီမံ)
၈း၀၀ ပြည်ထောင်းသတင်းများ
- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၄-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

၅း၂၀ MRTV-4 သတင်း
၆း၃၀ MRTV-4 ရုပ်သံဈာတ်လမ်းတွဲ **အချစ်ဆေးသံရင်ခုန်သံ** (အပိုင်း-၄၀)
၇း၃၀ MRTV-4 သတင်း
၈း၀၀ MRTV-4 ရုပ်သံဈာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန့်ရာ** (အပိုင်း-၁၁၀)
၁၁း၃၀ MRTV-4 ရုပ်သံဈာတ်လမ်းတွဲ **ချစ်မေတ္တာဖြင့်လှစေသူ** (ဇာတ်သိမ်းပိုင်း)
၂း၀၀ MRTV-4 သတင်း
၂း၅၅ MRTV-4 ရုပ်သံဈာတ်လမ်းတွဲ **အချစ်ဆေးသံရင်ခုန်သံ** (အပိုင်း-၄၀)

ညပိုင်း

၅း၂၅ MRTV-4 ရုပ်သံဈာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန့်ရာ** (အပိုင်း-၁၁၀)
၅း၂၀ MRTV-4 ရုပ်သံဈာတ်လမ်းတွဲ **ချစ်မေတ္တာဖြင့် လှစေသူ** (ဇာတ်သိမ်းပိုင်း)
၆း၀၀ MRTV-4 သတင်း
၆း၁၅ MRTV-4 မြန်မာ့ရိုးရာသုတ်ကြိန့်
၆း၃၀ MRTV-4 ရုပ်သံဈာတ်လမ်းတွဲ **အချစ်ဆေးသံရင်ခုန်သံ** (အပိုင်း-၄၁)
၈း၀၀ MRTV-4 သတင်း
၉း၃၀ MRTV-4 ရုပ်သံဈာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန့်ရာ** (အပိုင်း-၁၁၈)
၁၀း၃၀ MRTV-4 ရုပ်သံဈာတ်လမ်းတွဲ **ပုံပြေကောင်းတဲ့ချစ်သူ** (အပိုင်း-၁)

ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးမြတ်ဟိန်း ဘင်္ဂလားဒေ့ရှ် လေတပ်ဦးစီးချုပ်အား ဂုဏ်ပြုကြိုဆို

နေပြည်တော် ဧပြီ ၂

ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးမြတ်ဟိန်းသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဧရယာသီရိဒိမာန်၌ ဘင်္ဂလားဒေ့ရှ် လေတပ်ဦးစီးချုပ် Air Marshal Shah Mohammad Ziaur Rahman, ndc, fawc, psc အား ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

အဆိုပါ ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်(လေ) နှင့်အတူ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်၊ တောင်ငူတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းလွင်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ် လေတပ်ဦးစီးချုပ်နှင့်အတူ Air Officer Commanding Bangladesh Air Force Base Bashar,Air Commodore M Naim Hassan, fawc, psc နှင့် ဘင်္ဂလားဒေ့ရှ် လေတပ်မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် စစ်သံမှူးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘင်္ဂလားဒေ့ရှ်လေတပ်ဦးစီးချုပ်သည် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာရာ ကာကွယ်ရေးဦးစီးချုပ်(လေ)က ဧဧယျာသီရိဒိမာန်ရှေ့၌ ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ် (လေ)နှင့် ဘင်္ဂလားဒေ့ရှ်လေတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အခမ်းအနား တက်ရောက်ကြသည်။

ယင်းနောက် ဘင်္ဂလားဒေ့ရှ် လေတပ်ဦးစီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

မိတ်ဆက်ပေး

ထို့နောက် ဘင်္ဂလားဒေ့ရှ်လေတပ်ဦးစီးချုပ်က ကာကွယ်ရေးဦးစီးချုပ် (လေ)အား ၎င်းနှင့်အတူ ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနား တက်ရောက်သည့် အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ)ကလည်း ဘင်္ဂလားဒေ့ရှ် လေတပ်ဦးစီးချုပ်အား ၎င်းနှင့်အတူ ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားတက် ရောက်သည့် တပ်မတော်အရာရှိကြီးများနှင့် ပြန်လည်မိတ်ဆက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှစ်ဖက်မိဘများနှင့် ဇနီးဘေဘျင်ဝင်း၊ သမီး ယဉ်ယဉ်ထွန်း၊ ဖြေးမောင်စည်သူထွန်းအား ရည်စူး၍ သာကေတမြို့နယ်ရှေ့ ဦးလှထွန်းနှင့် သားသမီး မိသားစုများက ကျောက်တန်း ဘိုးဘွားရိပ်သာ ဘိုးဘွားမှာဓကျန်းဆောင်အတွက် အလှူငွေကျပ် ခုနစ်သိန်းကို ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးထွန်းလှရွှေနှင့် ရိပ်သာ ကော်မတီအဖွဲ့ဝင်များက လက်ခံစဉ်။ (မြန်မာ့အလင်း)

မီးသုံးစွဲလျှင် သတိယှဉ် အစဉ်သတိ အမြဲရှိ

ဒုတိယဝန်ကြီး ဦးစိုးတင့် လမ်း/တံတားလုပ်ငန်းများစစ်ဆေး

နေပြည်တော် ဧပြီ ၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် မတ်၂၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကော့မှုမြို့နယ် ကော့မှု-ထပ္မန်ဒိုင်-ဝါးဘလောက်သောက် လမ်းတစ်လျှောက်၌ စက်ယန္တရားများဖြင့် လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ တံတားနှင့် ချွေးန်တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကော့မှုမြို့နယ် ကိုးထောင်ကျေးရွာ မူလတန်းကျောင်း၌ ဒေသခံများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မတ် ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီး လှမူဝန်ထမ်းဦးစီးဌာန တောင်ငူဇွန်းလာပ မူလတန်းကြို့ကျောင်း၏ ကျောင်းတွင်းပဒေသာကပွဲကို ကျောင်းနန်းမခ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ခေါ်ဖြူပြာက ပါဝင်ကပြ ဖျော်ဖြေကြသော ရင်ပွေးငယ်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ် ချီးမြှင့်စဉ်။ (၀၄၃)

သင်္ကြန်ရေပေးဝေမှု လုံလောက်စွာရှိ

ရန်ကုန် ဧပြီ ၂

ယခုနှစ်အတွက် ကျင်းပမည့် ရန်ကုန်သင်္ကြန်ပွဲတော်ရက်များအတွင်း လိုအပ်သည့် အဘာသာသင်္ကြန်ရေများ ပေးဝေရန် လုံလောက်မှုရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရှိရသည်။

သုံးသပ်ပြောကြား

"မနှစ်က ရာသီဥတုကလည်း ဖောက်ပြန်တာတွေကြောင့် ရေပေးဝေနိုင်မှုကို အားမရခဲ့ပါဘူး။ ဒီနှစ် ဧရွှေဆာသီအတွက်ရော၊ သင်္ကြန်အတွက်ကိုပါ ပေးနိုင်ဖို့အတွက် ရေလောင်းကန်တွေမှာ ရေခန်းခြောက်တာမျိုးမရှိတဲ့အတွက် ရေလုံလောက်စွာ ပေးဝေနိုင်လိမ့်မယ်"ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရေနှင့် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများက သုံးသပ်ပြောကြားသည်။

ယခုနှစ်အတွက် သင်္ကြန်ရက်များအတွင်း မဏ္ဍာပ်များအနေနှင့် ရေအသုံးပြုခအဖြစ် တစ်လက်မပိုက်နှင့် တစ်လက်မခွဲပိုက်အတွက် ငွေကျပ် ၈၀၀၀၀ နှစ်လက်မပိုက်အတွက် ငွေကျပ် ၁၂၀၀၀၀ နှင့် သုံးလက်မပိုက်များအတွက် ငွေကျပ် ၂၂၀၀၀၀ အထိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ ပေးဆောင်ကြရမည်ဖြစ်သည်။

ရေဖုလုံနိုင်

ရန်ကုန်မြို့တော်အတွက် သုံးစွဲရန် ရေများအား ဂျုံးဖြူရေလှောင်ကန်၊ လှော်ကားရေလှောင်ကန်နှင့် ဖူးကြီးကန်တို့မှ အများဆုံးပေးဝေလျက်ရှိကာ ယခုကာလအထိ ယင်းကန်များ၌ ရေခန်းခြောက်မှုမရှိကာ ရေလုံလောက်သည့် အခြေအနေရှိသည့်အတွက် သင်္ကြန်ကာလများအပြင် မိုးမကျမီအထိ ရေဖုလုံနိုင်ကြောင်း သိရှိရသည်။ ခင်လေးမြင့်အောင်

သင်္ကြန်မဏ္ဍာပ်ဆောက်လုပ်မည့်သူများ စည်းကမ်းချက်များကို သေချာစွာလိုက်နာရန်လိုအပ်

ရန်ကုန် ဧပြီ ၂

ရန်ကုန်မြို့ရှိ နေရာအသီးသီးတို့တွင် ဆောက်လုပ်ကြမည့် မဏ္ဍာပ်ကြီးများအတွက် စည်းကမ်းချက်များအား သေချာစွာတင်ပြီး လိုက်နာနိုင်မှသာ မဏ္ဍာပ်ဆောက်လုပ်ရေလုံကြောင်း သက်ဆိုင်ရာမှ သိရှိရသည်။

"အဓိကကတော့ မြန်မာ့ရိုးရာနဲ့ ယဉ်ကျေးမှုတည်တဲ့အနေအထိုင်နဲ့ အဆင်အယင် တွေကို အဓိကထားပြီး နောက်ထပ် အရေးကြီးတာကတော့ မဏ္ဍာပ်လုံခြုံရေး အရင်းပါ။ ဒါတွေကို စည်းကမ်းချက်အဖြစ် ဖော်ပြပြီး လျှောက်လွှာစတင်ကတည်းက ပြောထားပါတယ်"ဟု တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါစည်းကမ်းချက်များမှာ ၂၆ ချက်ရှိကာ မဏ္ဍာပ်များအနေနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ မြန်မာအမည်များကိုသာ သုံးစွဲရမြင်း၊ မဏ္ဍာပ်လုံခြုံရေးအတွက် လိုအပ်ချက်များအား ဖြည့်တင်းခြင်း၊ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်နှင့် မလျော်ညီသည့် အခြားအမည်များ၊ နောက်ခံဒီဇိုင်းများ မသုံးစွဲကြရန်နှင့် အချို့သမီးများ ဝတ်စားဆင်ယင်မှုများနှင့် ပတ်သက်သည့် စည်းကမ်းချက်များ စသည်ဖြင့် အချက်ပေါင်း ၂၆ ချက် ကန့်သတ်မှု အများဆုံးပေးဝေလျက်ရှိကာ ယခုကာလအထိ ယင်းကန်များ၌ ရေခန်းခြောက်မှုမရှိကာ ရေလုံလောက်သည့် အခြေအနေရှိသည့်အတွက် သင်္ကြန်ကာလများအပြင် မိုးမကျမီအထိ ရေဖုလုံနိုင်ကြောင်း သိရှိရသည်။ ခင်လေးမြင့်အောင်

ပါဝင်ကာ မဏ္ဍာပ်များရောက စားသည့် အချိန်ကို နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ သတ်မှတ်ထားပြီး ဖွင့်ပွဲ နေ့များ၌ မြန်မာ့ရိုးရာနှင့်အညီ အနှေး နှုံးသာရည်များအား သရဖြဲခက်များဖြင့် ပက်ဖျန်းရမည့်အစီအစဉ်များ ထည့် သွင်းကြရမည်ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

"ဒီနှစ်မှာ မနှစ်ကလောက် စည်းကမ်းချက်တွေ များးတဲ့အတွက် တော်ပါသေးတယ်။ အများစုက ဒီစည်းကမ်းချက်တွေကို လိုက်နာကြ မှာပါ။ ဘာပဲဖြစ်ဖြစ် လုံခြုံရေးအတွက် ကတော့ စည်းကမ်းချက်ထဲမှာ မပါ ရင်တောင် တာဝန်ယူကြရမယ်ဆိုတာ မဏ္ဍာပ်တာဝန်ခံတွေက သိကြပါတယ်" ဟု ကမ္ဘာအေးဘုရားလမ်းပေါ်တွင် ဆောက်လုပ်မည့် မဏ္ဍာပ်တာဝန်ခံ တစ်ဦးက ပြောပြသည်။ **သွန်းဿန်**

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၁၈/၂၀၁၂)
၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်
(၂၀၁၂ ခုနှစ်၊ ဧပြီလ ၂ ရက်)

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ကြားဖြတ် ရွေးကောက်ပွဲ၌ အောင်ဖော်ပြပါပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉ (ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

စဉ်	အမည်	မှတ်ပုံတင်အမှတ်	မဲဆန္ဒနယ်	ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ
ပဲခူးတိုင်းဒေသကြီး				
(၁)	ဦးမင်းဦး	၇/ဖမန(နိုင်)၀၂၃၆၂	အမှတ်(၇)	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
မကွေးတိုင်းဒေသကြီး				
(၂)	ဦးအောင်ကြည်ညွန့်	၁၀/ခဆန(နိုင်)၀၀၃၁၆	အမှတ်(၄)	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ဧရာဝတီတိုင်းဒေသကြီး				
(၃)	ဦးသိမ်းဆွေ	၁၄/ဖဟန(နိုင်)၀၀၃၇၆၁	အမှတ်(၁၀)	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

(ပုံ)တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၁၉/၂၀၁၂)
၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်
(၂၀၁၂ ခုနှစ်၊ ဧပြီလ ၂ ရက်)

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင်ကျင်းပခဲ့သည့် ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော် ကြားဖြတ် ရွေးကောက်ပွဲ၌ အောင်ဖော်ပြပါပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

စဉ်	အမည်	မှတ်ပုံတင်အမှတ်	မဲဆန္ဒနယ်	ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ
ပဲခူးတိုင်းဒေသကြီး				
(၁)	ဦးမိုးဦးဦင်	၇/ကဝန(နိုင်)၀၀၀၆၉၅	ကဝ(၂)	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ဧရာဝတီတိုင်းဒေသကြီး				
(၂)	ဒေါက်တာ လှမြတ်သွေး	၁၂/ကတတ(နိုင်)၀၁၄၅၁၇	ကြေညာ(၂)	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

(ပုံ)တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ ဖိုးကျွန်ိုင်

နေပြည်တော် ဧပြီ ၂

ယနေ့နံနက် ၉ နာရီခွဲ ဖိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်း ကျရှိမ်းပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေအပူဒဏ်ခံများမှာ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ပြီလ၏ ပျမ်းမျှအပူဒဏ်ခံ အောက် ၃ ဒီဂရီ စင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ပြီလ၏ ပျမ်းမျှအပူဒဏ်ခံ တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ပြီလ၏ပျမ်းမျှအပူဒဏ်ခံနှုန်း သာရှိခဲ့သည်။ ထူးခြားသည့် နေ့အပူဒဏ်ခံနှုန်းမှာ မင်းဘူးမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော် အနေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန် ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်း ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် အနီးတစ်ပိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချန်း ရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဗလဝါးတန်ဖွံ့ဖြိုးဖို့ ဓာတုပုဝ်ဓာဇေ လေ့လာခို့

နိုင်ငံတကာကြေငြာချက်များ နိုင်ငံတကာကြေငြာချက်များ

စပါးနှင့်အာဆင်နယ်တို့ ရမှတ်ချင်းတူညီ

မြင့်မောင်နိုး-စုစည်းသည်

လန်ဒန် ဧပြီ ၂

ပရီမီယာလိဂ်ပွဲစဉ် (၃၀) လက်ကျန်ပွဲစဉ်များကို ဧပြီ ၁ ရက် ညဉ့်ငါးက ယှဉ်ပြိုင်ကစားကြရာ စပါးက ဆွန်ဆီး အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်၍ အာဆင်နယ် အသင်းနှင့် ရမှတ်ချင်းတူညီသွားခဲ့သည်။

စပါးတိုက်စစ်မှူး အဒီဘာယောက ပွဲပြီးခါနီးတွင် စပါးအသင်းအတွက် နှစ်ဂိုး ဆက်တိုက်သွင်းယူပေးခဲ့သဖြင့် စပါးတို့ အနိုင်ရလိုက်ခြင်းဖြစ်သည်။ ပထမပိုင်းပွဲခိုန်တွင် ဗန်ဒါဗတက စပါးအတွက် အဖွင့်ဂိုး သွင်းယူပေးခဲ့သည်။

စပါးတို့ ငါးပွဲဆက် နိုင်ပွဲမရခြင်းကို အဒီဘာယော၏ ခေါင်းတိုက်ဂိုး (၀ဲ၄)များဖြင့် အဆုံးသတ်သွားသည်။ စပါးတို့ ယင်းပွဲအနိုင်ရလိုက်သဖြင့် ပြိုင်ဘက်အာဆင်နယ်အသင်းနှင့် ရမှတ် ၅၈ မှတ်စီရရှိကာ တန်းစီဇယားတတိယနှင့် စတုတ္ထ နေရာတွင် အသီးသီးရပ်တည်နေကြသည်။ (အင်တာနက်)

မီယာမီ မာစတာဖလား ဂျီကိုပစ် ဖလားဆွတ်ခူး

မီယာမီ ဧပြီ ၂

ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ဂျီကိုဗစ်သည် ဧပြီ ၂ ရက်က အမေရိကန်နိုင်ငံ မီယာမီမြို့၌ ယှဉ်ပြိုင်ကစားသည့် မီယာမီမာစတာဖလား တင်းနစ်ပိုလ်လွပွဲတွင် ပြတိသျှ နံပါတ်တစ်တင်းနစ်ကစားသမား အင်ဒီမာရေးအား အနိုင်ရပြီး ဖလားဆွတ်ခူးသွားသည်။ (ယာဝုံ)

မာရေးသည် ၂၀၀၉ ခုနှစ်က ဂျီကိုဗစ်ကို နိုင်ပြီး မီယာမီဖလား ဆွတ်ခူးခဲ့ဖူးသည်။ သို့သော် ယခုနှစ်ပြိုင်ပွဲတွင် ဂျီကိုဗစ်က မာရေးအား ၆-၁၊ ၇-၆ (၇-၄) ဖြင့်နိုင်ပြီး ဖလားဆွတ်ခူးနိုင်ခဲ့သည်။

ဂျီကိုဗစ်သည် အဆိုပါ မီယာမီမာစတာဖလားကို တတိယအကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းတို့နှစ်ဦးသည် ပြိုင်ပွဲကို ၂ နာရီနှင့် ၁၈ မိနစ် ကြာအောင် ကစားခဲ့ကြသည်။ (အင်တာနက်)

ထူးခြားသည့် ဒေသအပူချိန်

၂-၄-၂၀၁၂

မင်းဘူးမြို့၊ ၄၀ ဒီဂရီ စင်တီဂရိတ်

မတ် ၁၂ ရက်က ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးမွှန်းဆဆင့် (၂)စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဘားအံမြို့ ထုဘကာကျေးရွာ၌ ကျင်းပရာ ပြည်နယ်ဦးစီးဌာနမှူး ဦးသောင်းစော်က နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်စဉ်။ (မြန်မာ့အလင်း)

3-4 (04).pmd 1 4/3/2012, 3:05 AM

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဧပြီ ၂

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ North Petro-Chem Corporation Ltd. ဥက္ကဋ္ဌ Mr.Li Li ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ရုံးခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာဝုံ)**

ယင်းသို့တွေ့ဆုံရာတွင် ခွင်းပြည်နယ် တီးတိန်မြို့နယ် မြွေတောင်ဒေသ၌ သတ္တုသယံဇာတများ ရှာဖွေတူးဖော်ထုတ်လုပ် နေအာက္ခတ် ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စီမံကိန်းများနှင့် ဘဏ္ဍာရေးပံ့ပိုးကိုးတက်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးသာအား ပေါ်တူဂီနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

နေပြည်တော် ဧပြီ ၂

စီမံကိန်းများနှင့် ဘဏ္ဍာရေးပံ့ပိုးကိုးတက်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးသာအား မြန်မာနိုင်ငံဆိုင်ရာ ပေါ်တူဂီနိုင်ငံ သံအမတ်ကြီး H.E.Dr.Jorge Ryder TORRES- PEREIRA သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ လွှတ်တော်ကော်မတီအဆောင် အမှတ်(၁)ဧည့်ခန်းမ၌ လာရောက် တွေ့ဆုံသည်။ **(အမေါ်ဝံပုံ)**

ဆွေးနွေး-

ယင်းသို့တွေ့ဆုံရာတွင် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ဦးသန်းထွန်း၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီ အတွင်းရေးမှူး ဦးငွေးဝင်းနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး နှစ်နိုင်ငံလွှတ်တော်ဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးကျော်လွင် ရောဝတီတံတား(မလွန်) တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂

ဆောက်လုပ်ရေးနှင့်ကြီးကြပ်ရေးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်သည် မတ် ၃၀ ရက်မွန်းလွဲပိုင်းတွင် အထူးစီမံကိန်းကြီးများ တည်ဆောက်နေအဖွဲ့(၅)ဖွဲ့ ဝင် တာဝန်ယူတည်ဆောက်လျက် ရှိသော ရောဝတီတံတား(မလွန်)တည်ဆောက်နေစီမံကိန်း သို့ရောက်ရှိရာ ရှင်းလင်းဆောင်ခွံအင်ဂျင်နီယာမှူးကြီး ဦးစိုးမင်းက တံတားလုပ်ငန်းပြီးစီးမှု၊ သံပေါင်တပ်ဆင်နေမှု၊ မလွန်ဘက်မြစ်နှင့် မိကျောင်းရဲဘက်ကမ်းတို့တွင် ချဉ်းကပ်တံတား၊ ချဉ်းကပ်လမ်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သံပေါင်တပ်ဆင်နေမှုနှင့် သံပေါင်များ ရောက် ရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ခံ အင်ဂျင်နီယာများအား လုပ်ငန်းခွင်သေးအန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဇက်ရေယာဉ်ဖြင့် မလွန်ဘက်ကမ်းသို့ ဖြတ်ကူးပြီး Stand Pipe များ ရိုက်သွင်းနေမှုကို လည်း ကောင်း၊ မလွန်ဘက်ကမ်း၌ ၅ မိုင် ၃ ဖာလုံ အရှည်ရှိ မလွန်ဘက်ကမ်းချဉ်းကပ် လမ်း မြေသားလုပ်ငန်းပြီးစီးမှု၊ Box Culvert များ တည်ဆောက်ပြီးစီးမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ရောဝတီတံတား(မလွန်)သည် ရထားနှင့်(၂) လမ်းသွား ကားလမ်းပါ တံတား တစ်စင်းဖြစ်ပြီး သံပေါင်များကို မြန်မာ စီးပွားရေးကော်ပိုရေးရှင်း မြောင်းတကာ သံမဏိစက်ရုံက ထုတ်လုပ်၍ တပ်ဆင်ရန် (၉)ခန်း ရှိသည့်အနက် (၁)ခန်း ပြီးစီးပြီ ဖြစ်ကြောင်း၊ ဒုတိယအခန်း ပြီးစီးရန် ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင် ဧရာဝတီတံတား(မလွန်) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မိဘများဖြစ်ကြသော ဦးကျော်စိန်-ဒေါ်လှစိန်၊ ဦးမောင်စိန်တို့အား ရည်စူး၍ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်လမ်းဆုံရေ ဦးအေသောင်- ဒေါ်စော ရှင်မိသားစုက ထွဋ်ကြွမိဘဝုဏ်ဘိုးဘွားရိပ်သာ ဆေးနှင့်အဟာရပသောပင် အတွက် ငွေကျပ် နှစ်သိန်းလျှဒါန်းရာ ဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ(၂) ဦးတင်ယိုင် လက်ခံယူစဉ်။ (၀၀၃)

အင်ပူမြို့နယ်အသင်းသင်းပုံးကျွတ်စည်းဝေးပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂

အင်ပူမြို့နယ်အသင်း (ရန်ကုန်)၏ (၃၉)ကြိမ်မြောက် သင်းလုံးကျွတ်အစည်း အဝေးပွဲနှင့် ပညာရည်ချွန်ဆုဆီးမြင့်ပွဲကို ဧပြီ ၈ ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီ တွင် မရမ်းကုန်းမြို့နယ် စွယ်တော်မြတ် စေတီတော် (ရန်ကုန်) ပရိဝုဏ်အတွင်း၌ သုဂတောမွာခုံကြီး၌ ကျင်းပမည် ဖြစ်ရာ အသင်းဝင်သားသမီးများ အနေဖြင့် ယခုနှစ်တွင် ပညာသင်ဆုများ ရရှိထားပါက ဧပြီ ၃ ရက် နောက်ဆုံးထားပြီး သုဂတောမွာခုံ ဖုန်း-၆၅၆၂၀၇ သို့ သတင်းပို့ကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ (၀၄၂)

စာပေမြင့်မှ လူမျိုးတင့်မည်

အဲကမွှောဇ ဝန်ထမ်းမိသားစုများ နှစ်ပတ်လည်အခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၂

ပြည်တွင်းပုဂ္ဂလိကပိုင်လေကြောင်းလိုင်းတစ်ခုဖြစ်သော AIR KBZ လေကြောင်းလိုင်းဝန်ထမ်းမိသားစုများ၏ နှစ်ပတ်လည်အခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ CHATRIUM ဟိုတယ်၌ကျင်းပရာ အခမ်းအနားသို့ AIR KBZ လေကြောင်းလိုင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ AIR KBZ လေကြောင်းလိုင်းအောက်တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော မြန်မာနိုင်ငံ တစ်နိုင်ရှိ ဌာနခွဲအသီးသီးမှ အရာထမ်းများနှင့်ဝန်ထမ်းများ စုံညီစွာတက်ရောက်ကြသည်။

နှစ်ဦးစွာ AIR KBZ လေကြောင်းလိုင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။ **(အောက်ပို့)**ယခုအခါ AIR KBZ လေကြောင်းလိုင်းသည် ATR-72(500) လေယာဉ်သုံးစင်းဖြင့် ပြည်တွင်းခရီးစဉ်များကို ပျံသန်းပြုးဆွဲလျက်ရှိသည်။ ATR-72(500) လေယာဉ်အသစ်တစ်စင်းနှင့် ATR-72 (600) လေယာဉ်အသစ်တစ်စင်း ပွင့်လင်းရာသီအခါ ထပ်မံရောက်ရှိလာမည်ဖြစ်သည်။

အဆိုပါ ATR-72 (500) လေယာဉ်လေးစင်း၊ ATR-72(600) လေယာဉ် တစ်စင်း စုစုပေါင်းလေယာဉ် ငါးစင်းဖြင့် လက်ရှိပြုးဆွဲလျက်ရှိသော ညောင်ဦး၊ မန္တလေး၊ ရန်ကုန်၊ ဟဲဟိုး၊ သံတွဲ၊ စစ်ကွေး၊ တာချီလိတ်၊ ကျိုင်းတုံ၊ လားရှိး၊ မြိတ်၊ ထားဝယ်၊ ကော့သောင်း၊ မုံရွာ၊ ဟုမ္မလင်း၊ မြစ်ကြီးနာ၊ နေပြည်တော်၊ ကလေးမြို့များ အပြင် အခြားမြို့ကြီးများသို့လည်း ဆက်လက်ပျံသန်းပြုးဆွဲသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထိန်းကျောင်းမှုရှိသည့် နှုန်းဖွင့်ငွေလဲနှုန်းစနစ် (Managed Floating Exchange Rate Regime) ကို စတင်ကျင့်သုံးခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

နေပြည်တော် ဧပြီ ၂

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နိုင်ငံခြားငွေလဲလှယ်နှုန်းစနစ်အား အထူးထုတ်ယူငွေ (SDR)တစ်ယူနစ်လျှင် ၈ ဒသမ ၅၀၈၇၇ ကျပ်ဖြင့် ချိတ်ဆက်သတ်မှတ်ခဲ့သည့်စနစ်မှ ထိန်းကျောင်းမှုရှိသည့် နှုန်းဖွင့်ငွေလဲနှုန်းစနစ် (Managed Floating Exchange Rate Regime) သို့ စတင်ပြောင်းလဲသည့်အနေဖြင့် ၂၀၁၂ခုနှစ် ဧပြီလ ၂ ရက်နေ့ ရန်ကုန်မြို့တွင် ပြုလုပ်သည့် ပထမအကြိမ် နိုင်ငံခြားငွေများ ဈေးပြိုင်စနစ်ဖြင့် ရောင်းဝယ်ခြင်း (Foreign Exchange Auction)အား စနစ်တကျပြုလုပ်၍ စနစ်သစ်အတွက် ပထမဆုံး Reference Rate ကို ထုတ်ပြန်ခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားငွေ ဈေးကွက်တွင် ကျပ်ငွေ ငွေဖြစ်လွယ်မှုကို အထောက်အပံ့ပြုရန်နှင့် ငွေလဲနှုန်း အတက်အကျများ လျော့နည်းစေရန်အတွက် အခါအားလျော်စွာ ပါဝင်ခြင်းဖြင့် မြန်မာကျပ်ငွေတန်ဖိုးကို ငွေကြေးဈေးကွက်အခြေအနေအရ သတ်မှတ်သွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားငွေလဲနှုန်းအဆင့်တစ်ခုကို ကြိုတင်သတ်မှတ်ခြင်း သို့မဟုတ် ရောင်းဝယ်မည့်ပမာဏကို ကန့်သတ်ခြင်းမျိုး မရှိပါ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နှုန်းရှင်ငွေလဲနှုန်းစနစ်နှင့်အညီ ဈေးကွက်ဝယ်လိုအား ရောင်းလိုအားအပေါ်မူတည်၍ ပြောင်းလဲပေးသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လေလံတွင် ပါဝင်ခွင့်ရှိသည့် နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် (Authorized Dealer Licence- A.D) ရ ပုဂ္ဂလိကဘဏ်များသို့ နိုင်ငံခြားငွေ အရောင်းအဝယ်နှစ်မျိုးစလုံးအား လွတ်လပ်စွာ တင်သွင်းနိုင်သည့် လေလံ (two -way FX Auction)ကို ရုံးပိတ်ရက်များမှလွဲ၍ နေ့စဉ်ပြုလုပ်မည်ဖြစ်သည်။

ပုဂ္ဂလိကဘဏ်များနည်းတူ A.D လိုင်စင်ရ နိုင်ငံပိုင်ဘဏ်(၃)ဘဏ်တို့ကိုလည်း လေလံတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပါသည်။

Auction ၏ cut-off rate အား နေ့စဉ်ဗဟိုဘဏ်၏ Reference Rate အဖြစ် သတ်မှတ်မည်ဖြစ်ပါသည်။ လေလောဆယ်တွင် ဗဟိုဘဏ်၏ Reference Rate အတိုင်း သိမ်ဖြူကောင်တာမှ mid rate ကို သတ်မှတ်၍ M.C လိုင်စင်နှင့် A.D လိုင်စင်ရ ပုဂ္ဂလိကဘဏ်များသည် ယင်းနှုန်းကို အခြေခံ၍ သိမ်ဖြူဈေးကွက် လက်လီရောင်းဝယ်မှုများအတွက် ဗဟိုဘဏ် Reference Rate ၏ ± ၀ ဒသမ ၈ ရာခိုင်နှုန်းဘောင်အတွင်းတွင် လည်းကောင်း၊ A.D လိုင်စင်ရ ဘဏ်များအကြား (interbank market)တွင် လက်ကားရောင်းဝယ်မှုများအတွက် ဗဟိုဘဏ် Reference Rate ၏ ± ၀ ဒသမ ၃ ရာခိုင်နှုန်းဘောင်အတွင်းတွင် လည်းကောင်း၊ A.D လိုင်စင်ရ ဘဏ်များအကြား (interbank market)တွင် လက်ကားရောင်းဝယ်မှုများအတွက် ဗဟိုဘဏ် Reference Rate ၏ ± ၀ ဒသမ ၃ ရာခိုင်နှုန်းဘောင်အတွင်းတွင်လည်းကောင်း ဆောင်ရွက်နိုင်ပါသည်။ အဆိုပါနေ့အတွက် လေလံပြီးဆုံးပြီးနောက် ဈေးကွက်အနေအထား သိသိသာသာ ပြောင်းလဲမှုရှိပါက သိမ်ဖြူဈေးနှုန်းသတ်မှတ်နေအဖွဲ့အနေဖြင့် ၎င်း၏ mid rate ကို နေ့လယ်ပိုင်းတွင် ပြန်လည် ပြင်ဆင်သတ်မှတ်နိုင်ပါသည်။ အထက်ပါ ဈေးနှုန်းသတ်မှတ်ချက်ဘောင်များနှင့် နိုင်ငံခြားငွေရောင်းဝယ်သည့် လေလံ (two- way FX Auction) အကြိမ် အရေအတွက်တို့သည် နိုင်ငံခြားငွေဈေးကွက်များ ဖွံ့ဖြိုးလာသည်နှင့်အမျှ အပြောင်းအလဲရှိမည်ဖြစ်ပါသည်။

ယနေ့ဖွင့်လှစ်သည့် နိုင်ငံခြားငွေရောင်းဝယ်သည့်လေလံ (two- way FX Auction) တွင် စုစုပေါင်းတင်သွင်းသည့် အဝယ် (Bids) ပမာဏ USD ၆၄၀၀၀၀/- စုစုပေါင်းတင်သွင်းသည့် အရောင်း (Offers) ပမာဏ USD ၃၅၀၀၀၀/-နှင့် cut-off rate USD/MMK ၈၁၈/- ရရှိပါသည်။ ဗဟိုဘဏ်သည် ဈေးကွက်လိုအပ်ချက်အရ USD ၄၀၀၀၀/- ကို cut-off rate USD/MMK ၈၁၈/- ဖြင့် ဝယ်ယူခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မြန်မာ့အလင်း

နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

အိန္ဒိယဖြည်တွင်းလုပ်ငြိုတိုက်တု လွှတ်တင်စမ်းသပ်ခြင်း အောင်မြင်

နယူးဒေလီ ဧပြီ ၂

အိန္ဒိယနိုင်ငံက ပြည်တွင်းလုပ် ရာသီဥတုလေ့လာရေး ဆိုင်ရာ ဂြိုဟ်တုတစ်လုံးကို ဧပြီ ၂၀ ရက်တွင် အိန္ဒိယနိုင်ငံ တောင်ပိုင်း ဆရီဟာရီကိုတာ အာကာသယာဉ် လွှတ်တင်ရေး စခန်းမှ လွှတ်တင်မည်ဖြစ်ကြောင်း အိန္ဒိယအာကာသရေးရာ အရာရှိများက ဧပြီ ၂ ရက်တွင် ပြောကြားသည်။

ရီဆက်-၁ ဟု အမည်ပေးထားသော ဂြိုဟ်တု (ယာပုံ) သည် ကမ္ဘာမြေ၏ရာသီဥတုဆိုင်ရာပုံရိပ်များကို ရွေးရယူ ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။ ယင်းဂြိုဟ်တု၏ အလေးချိန်မှာ ၁၈၅၀ ကီလိုဂရမ်လေးကြောင်း၊ ၎င်းတို့ကပြောကြားသည်။

အဆိုပါ ဂြိုဟ်တုကို ပို့လွှတ်ပုံကား ကမ္ဘာမြေပြင်အထက် ၅၁၆ ကီလိုမီတာအထိ သယ်ဆောင်ပေးသွားမည်ဖြစ်ပြီး ယင်းဒုံးပျံကို အိန္ဒိယအာကာသသုတေသနအဖွဲ့မှ ထုတ်လုပ်ထားခြင်း ဖြစ်သည်။

ရီဆက်-၁ ဂြိုဟ်တုသည် စိုက်ပျိုးရေးနှင့် ရေအရင်း အမြစ်သယံဇာတများဆိုင်ရာ သတင်းအချက်အလက်များကို ထုတ်ပြန်ပေးသွားမည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်နိုင်ရေးအတွက်လည်း သတင်းဓာတ်ပုံများ ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။ (အင်တာနက်)

ရရှား၌ ရေခဲပြင်ငါးဖမ်းသမား ၆၀၀ ကျော် အရေးပေါ် ကယ်ဆယ်ရေး ပြုလုပ်ခဲ့ရ

မော်စကို ဧပြီ ၂

ရုရှားနိုင်ငံအရှေ့ဖျား ရေခဲပြင်အတွင်းပိတ်မိနေသော ငါးဖမ်းသမား ၆၇၅ ဦးကို ရုရှားအရေးပေါ် ဝန်ကြီးဌာနက ကယ်ဆယ်ရေးအဖွဲ့များစေလွှတ်ကာ ကယ်ဆယ်ခဲ့ရကြောင်း ဧပြီ ၂ ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါငါးဖမ်းသမား ၆၇၅ ဦးသည် ရုရှားနိုင်ငံ၏ ဆောင်းရာသီရေခဲပြင် ငါးဖမ်းခြင်းကို ဆာခါလင် ကျွန်း ကမ်းလွန်ရေခဲပြင်အတွင်း ရှာဖွေဖမ်းယူနေကြစဉ် ရေခဲများအရည်ပျော်လာမှုကြောင့် ဘေးဒုက္ခကြုံတွေ့ နေသဖြင့် ကယ်ဆယ်ခဲ့ခြင်းဖြစ်သည်။ ရေခဲပြင်ငါးဖမ်းခြင်းမှာ ရေခဲပြင်ကိုအပေါက်ဖောက်ပြီး အောက်မှငါး များကို ဖမ်းဆီးရခြင်းဖြစ်သည်။ (အောကပ်ပုံ)

ယင်းငါးဖမ်းသမားများအား ကယ်ဆယ်ရေးရဟတ်ယာဉ်နှစ်စီးနှင့် သင်္ဘော ၁၁ စင်းဖြင့် ကယ်ဆယ်ခဲ့ ရခြင်းဖြစ်ပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိသည်။ ယခုအခါ အပူချိန်မြင့် လာပြီး ရေခဲပြင်များ အရည်ပျော်မှုလျင်မြန်လာလျက်ရှိရာ ရေခဲပြင်အတွင်း ငါးဖမ်းခြင်းမပြုလုပ်ကြရန် သက်ဆိုင်ရာက သတိပေးချက်များ ထုတ်ပြန်ထားသည်။ (အင်တာနက်)

ဆိုက်ဘေးရီးယားရှိ ခရီးသည်လေယာဉ်ပျက်ကျ ၃၂ ဦးသေဆုံး ၁၁ ဦးဒဏ်ရာရရှိ

မော်စကို ဧပြီ ၂

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသမှ ပျံသန်းလာ သောခရီးသည် ၄၃ ဦး တင်ဆောင်လာသည့် လေယာဉ်တစ်စင်း သည် ဧပြီ ၂ ရက်က ပျက်ကျခဲ့ရာ ၃၂ ဦး သေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရုရှားအရေးပေါ်ဝန်ကြီးဌာနမှ အရာရှိ များက ပြောကြားသည်။

တင်ပို့ပေးထား

အေတီအာ-၇၂ ခရီးသည်လေယာဉ်သည် ဆိုက်ဘေးရီး ယားဒေသ တီယူမင်ပြို့မှ ဆာဂတ်ပြို့သို့ ပျံသန်းလာစဉ် ရုတ်တရက်ပျက်ကျခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပျက်ကျရာသို့ ကယ်ဆယ်ရေးအဖွဲ့များသွားရောက်ကာ ဒဏ်ရာရရှိသူများ အား တီယူမင်ဆေးရုံသို့ တင်ပို့ပေးထားသည်။

အဆိုပါလေယာဉ်မှာ ဧပြီ ၂ ရက် နံနက် ၅ နာရီ ၃၅ မိနစ်အချိန်က ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ လေယာဉ်ပျက်ကျ သည့်နေရာမှာ တီယူမင်ပြို့မှ ၂၂ မိုင်ခန့် အကွာတွင်ဖြစ်ကြောင်း၊ မည်သည့်အတွက်ကြောင့် လေယာဉ်ပျက်ကျသည်ကို စုံစမ်း စစ်ဆေးလျက်ရှိကြောင်းသတင်းရှိ ဖော်ပြသည်။ (အင်တာနက်)

နိုင်ငံတကာသတင်းအတိုအထွာ ၂-၄-၂၀၁၂

တင်ဇော်လွင် - စုစည်းသည်

စကော့တလန်၌ ဆီးနှင်းထူထပ်စွာကျဆင်း

စကော့တလန်နိုင်ငံတွင် ဆီးနှင်းများ ထူထပ်ဆိုးရွားစွာ ကျဆင်းမှုအတွက် အဝါရောင်အဆင့် သတိပေးချက်ထုတ်ပြန်ထားကြောင်း၊ စကော့တလန်မြေးလေးသ ဘာနေ့အရာရှိများက ဧပြီ ၁ ရက်တွင် ထုတ်ဖော်ပြောကြားသည်။ စကော့တလန် နိုင်ငံတွင် ဧပြီ ၁ ရက် နံနက် အစောပိုင်းက မိုးများရွာသွန်းခဲ့မှုကြောင့် ထိုနေ့ တစ်နေ့လုံးနှင့် ညအထိပါ ဆီးနှင်းများပိုမိုကျဆင်းလာနိုင်သည်ဟု မျှော်လင့်ထား ကြောင်း၊ မိုးလေဝသခန့်မှန်းသူများက သုံးသပ်ကြသည်။ နိုင်ငံအတွင်းရှိ နေရာ ဒေသအချို့တွင် နှင်းထု ၅ စင်တီမီတာမှ ၁၀ စင်တီမီတာအထိ ကျဆင်းနိုင် သည်။ အထူးသဖြင့် ထောင်တန်းဒေသများတွင် အနိမ့်ဆုံးအဆင့် ၂ မီတာမှ ၅ စင်တီမီတာ ကျဆင်းနိုင်သည်ဟုဆိုသည်။ သယ်ယူပို့ဆောင်ရေးယုလိပ်နင်းများကို ထိခိုက်နိုင်သည့်အတွက် ပြည်သူများအနေဖြင့် သတိပြုသင့်ကြောင်း။ စကော့တလန် နိုင်ငံအတွင်းရှိ အော်ကနီနှင့် ခွိလန်ဒေသများမှအပ ကျန်ဒေသများကို ဧပြီ ၁ ရက် မှ ၂ ရက် နံနက်အထိ အဝါရောင်အဆင့် သတိပေးချက်ထုတ်ပြန်ပေး ထားကြောင်း အဆိုပါမိုးလေဝသဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဆားဂီးယားနိုင်ငံ နိုက်ကလပ်တစ်ခု၌ ပီးလောင်မှုဖြစ်ပွား

ဆားဘီးယားနိုင်ငံမြောက်ပိုင်း နီဇီဆက်ပြို့ရှိ နိုက်ကလပ်တစ်ခုတွင် ပီးလောင်မှု ဖြစ်ပွားရာ လူခြောက်ဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ဧပြီ ၁ ရက် တွင် ပြောကြားသည်။ အဆိုပါပီးလောင်မှုသည် ယင်းနေ့ ဒေသစံတော်ချိန် နံနက် ၂ နာရီခန့်က ဂျွန်းထရက်အမည်ရှိ နိုက်ကလပ်တစ်ခု၌ ကပွဲကျင်းပနေစဉ်အတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပီးလောင်မှုကြောင့် အဃာ ၂၀ ဝန်းကျင်ရှိ အမျိုးသား သုံးဦးနှင့် အမျိုးသမီးသုံးဦးတို့ သေဆုံးခဲ့ကြောင်း၊ ပီးလောင်မှုဖြစ်ပွားချိန်တွင် အဆိုပါ နိုက်ကလပ်အတွင်း လူပေါင်း ၃၀၀ မှ ၄၅၀ ကျော်ရှိနေကြောင်း ရဲဒေတရှိုရီးစရတ် မာစစ်က ပြောကြားသည်။ လွှမ်းစပ်ပိုင်းဆွေးနွေးခဲ့ကြောင့် ထိုသို့ဖြစ်ပွားခဲ့ရခြင်း ဖြစ်ကြောင်း။ အဆိုပါနိုက်ကလပ်ပိုင်ရှင်နှင့် အခြားနှစ်ဦးအား ဖမ်းဆီးခဲ့ကြောင်း၊ သေဆုံးသူများမှာ ဧရိယာများမျှော်မှန်းကြောင့် မှန်းကျပ်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဇာဟရာအပျော်စီးသင်္ဘော မီးလောင်ပြီးနောက် ပြင်ဆင်မှုပြုလုပ်

မီးလောင်မှုဖြစ်ပွားပြီး ပင်လယ်အတွင်း ၂၄ နာရီကျော် မျောပါခဲ့သည့် အဇာမာရာအညာရှိ အပျော်စီးသင်္ဘောကြီးသည် မလေးရှားနိုင်ငံသို့ ရောက်ရှိပြီး နောက် ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်ပေးပို့ရှိကြောင်း ဧပြီ ၁ ရက်က အင်တာနက် သတင်းတွင် ဖော်ပြသည်။ (အောကပ်ပုံ)

အဆိုပါ အပျော်စီးသင်္ဘောကြီးကို မလေးရှားနိုင်ငံ ဘော်နီယိုကျွန်းရှိ စန်ဒါကန်ဆိပ်ကမ်းမြို့၌ ဆိုက်ကပ်ထားသည်။ ဖီလစ်ပိုင်နိုင်ငံ မနီလာမြို့မှ ထွက်ခွာလာပြီး တစ်ရက်အကြာ မတ် ၃၀ ရက်က အဆိုပါသင်္ဘောပေါ်တွင် မီးလောင်ပေါက်ကွဲမှုဖြစ် ပွားခဲ့သည်။ ယင်းသင်္ဘော ပေါ်တွင် လူပေါင်း ၁၀၀၀ ဦး တင်ဆောင်လာပြီး အများအားဖြင့် ဥရောပနှင့် အမေရိကန်နိုင်ငံတို့မှ ခရီး သည်များဖြစ်ကြသည်။ မီး လောင်မှုကြောင့် သင်္ဘော သားငါးဦးမှာ အသက်ရှူ ကျပ်ပြီး ဝေဒနာပြင်းထန်စွာ ခံစားခဲ့ရကြောင်း၊ ခရီးသည်အားလုံး ထိခိုက်ဒဏ်ရာ မရရှိခဲ့ကြောင်း သင်္ဘော အော်ပရေတာက ပြောကြားခဲ့သည်။ ယင်းအပျော်စီးသင်္ဘောသည် ဖီလစ်ပိုင်နိုင်ငံမှ ဖြတ်သန်းလာပြီးနောက် ဧပြီ ၁ ရက် အစောပိုင်းက မလေးရှားရေပိုင်ခမ်းအတွင်း သို့ ရောက်ရှိခဲ့ပြီး မလေးရှားကမ်းလွှတ်ရေယာဉ်တစ်စင်းက စန်ဒါကမ်ဆိပ်ကမ်းသို့ ပို့ဆောင်ပေးခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

နျူကလီးယားစွမ်းအင်အစီအစဉ် အီရန်ဆက်လုပ်ရန် ဆုံးဖြတ်ထား

တီဟီရန် ဧပြီ ၂

အီရန်နိုင်ငံက စစ်ဘက်အကျုံးမြုံနည်းပညာကို ရှာဖွေ ကြိုးပမ်းနေခြင်း မဟုတ်ကြောင်း၊ သို့သော် မိမိတို့၏နျူကလီး ယားစွမ်းအင်အစီအစဉ်ကို ဆက်လုပ်သွားရန် သန္ဓိဌာန်ချမှတ် ထားကြောင်း နိုင်ငံတကာအကျုံးမြုံစွမ်းအင်အေဂျင်စီ (အိုင်အေ အီးအေ)ဆိုင်ရာ အီရန်သံအမတ်ကြီး အလီအက်ရှဂါဆိုတာနီက ပြောကြားလိုက်သည်။ (အပေါ်ပုံ)

ဖြတ်ကြား

အီရန်နိုင်ငံသည် နျူကလီးယားလက်နက်ထုတ်လုပ် နေကို ဦးတည်ဆောင်ရွက်ခြင်းမပြုကြောင်း ဖောက်နယူး ရပ်မြင်သံကြားတွေ့ဆုံမေးမြန်းခန်းတွင် အီရန်သံအမတ်ကြီး အလီအက်ရှဂါက ပြောကြားသည်။

ယူရေနီယံသန့်စင်မှုအပါအဝင် မိမိတို့၏ နျူကလီးယား အစီအစဉ်ကို မည်သည့်အခါမျှ ရပ်ဆိုင်းပစ်မည်မဟုတ်ကြောင်း ၎င်းကထည့်သွင်းပြောကြားလိုက်သည်။ (အင်တာနက်)

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ အကြမ်းဖက်သမား ၁၀ ဦးအား ချေမှုန်း

အန္ဓလမ္ဘာတမ် ဧပြီ ၂

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း အိုရာကာဇိုင်းဒေသအတွင်း ပါကစ္စတန်လုံခြုံရေးတပ်များ၏ ချေမှုန်းတိုက် ခိုက်မှုကြောင့် တာလီဘန်လှုပ်ရှားသည့် အကြမ်းဖက်သမား ၁၀ ဦးထက်မနည်း သေဆုံးသွားကြောင်း ဧပြီ ၁ ရက်က အင်တာနက် သတင်းတွင် ဖော်ပြသည်။

ထိုဒေသရှိ အကြမ်းဖက်သမားများခိုအောင်းသည့်လေးနေရာကို ပါကစ္စတန်စစ်ဘက်က တိုက်ခိုက်သဖြင့် အကြမ်းဖက် သမား ၁၀ ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိသွားကြောင်း ပါကစ္စတန်စစ်ဘက်က ကြေညာသည်။

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ တာလီဘန်လှုပ်ရှားသည့် အကြမ်းဖက်အုပ်စုများအား ချေမှုန်းရန် ပါကစ္စတန် တပ်များက လွန်ခဲ့သည့်နှစ်နှစ်ခန့်က စစ်ဆင်ရေးများစတင်ခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

ဗန်ကောက် ဧပြီ ၂

ထိုင်းတောင်ပိုင်းရှိ ကြယ်ငါးပွင့်ဟိုတယ် မီးလောင်မှုဖြစ်ပွား၊ ငါးဦးသေဆုံး၊ ဒဏ်ရာရသူ ၃၀၀ ကျော်ရှိ

ထိုင်းနိုင်ငံတောင်ပိုင်း ဆွန့်ခလာ ပြည်နယ်အတွင်းရှိ ဟိုတယ်တွင် မတ် ၃၁ ရက်က မီးလောင်မှုဖြစ်ပွားရာ (ယာပုံ) လူငါးဦးသေဆုံးပြီး ဒဏ်ရာရသူရာပေါင်း များစွာရှိခဲ့ကြောင်း ဗန်ကောက်ပို့စ်အဖွဲ့နှင့်လိုင်းတွင် သတင်းဖော်ပြသည်။

ဟတ်ယန်ပြို့အတွင်းရှိ ကြယ်ငါးပွင့်ဟိုတယ်တွင် မီးလောင်မှုဖြစ်ပွားကြောင်း၊ ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲမှုဖြစ်ရာမှ လောင်သောမီးဖြစ်ကြောင်း။ အစောပိုင်း မီဒီယာသတင်းများတွင် ဖော်ပြသကဲ့သို့ ဒုံးပေါက်ကွဲမှုကြောင့်မဟုတ်ကြောင်း ပြည်နယ် အုပ်ချုပ်ရေးမှူး ဂရီဆာဒါက ပြောကြားသည်။

ထိခိုက်ဒဏ်ရာရရှိ

ဟိုတယ်မီးလောင်မှု၌ သေဆုံးသူ အမျိုးသားလေးဦးနှင့်အမျိုးသမီးတစ်ဦးတို့ ဖြစ်ကြပြီး အထပ်လွှာအခန်းများတွင် တည်ခိုနေသူ၌သည် ၃၀၀ ကျော် မီးလောင် ရာတွင် ပိတ်မိခဲ့ပြီး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြကြောင်း၎င်းက ဆက်လက် ပြောကြား သည်။ ထိခိုက်မှုဖြစ်ပွားသူများတွင် ၂၈ ဦးမှာ ဒဏ်ရာပြင်းထန်သဖြင့် ဆေးရုံသို့ တင်ပို့ထားရသည်။ ဒဏ်ရာရရှိသူများတွင် ကမ္ဘာလှည့်ခရီးသည်များ ပါရှိကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

ဟတ်ယန်ပြို့သည် ထိုင်းနိုင်ငံတောင်ပိုင်း မလေးရှားနယ်စပ်အနီးတွင် တည်ရှိ ပြီး ကမ္ဘာလှည့်ခရီးသွားများနှင့် စီးပွားရေးအချက်အချာကျသော စည်ကားသည့် မြို့တစ်မြို့ဖြစ်သည်။ (အင်တာနက်)



မွန်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး ပေးဝေလျက်ရှိသော ဆည်တမံများ

မွန်ပြည်နယ်တွင် အခြားသောပြည်နယ်နှင့် တိုင်းဒေသကြီးများကဲ့သို့ စိုက်ပျိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်စေရန် နေရာအနှံ့ ဆည်တမံများ စုဖွဲ့တည်ဆောက်ပေးလျက်ရှိရာ ဒေသခံတောင်သူများ ရာသီမရွေး စိုက်ပျိုးနိုင်ရေးအတွက် ပေါင်မြို့နယ် ကတိုက်ကျေးရွာအနီး တည်ဆောက်ပေးထားသည့် ကတိုက်ရေလှောင်တမံကလည်း စိုက်ပျိုးရေဖြန့်ဝေရန် ဤသို့ အသင့်ရှိနေသည်။

ဒေသခံတောင်သူများ မိုးစပါး၊ နွေစပါးများ စိုက်ပျိုးရန် အောင်ရေပေးဝေလျက်ရှိသော မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ဆိပ်ကျွန်းကျေးရွာအနီးရှိ ဆိပ်ကျွန်းရေထိန်းတံခါးကို တွေ့ရစဉ်။

မွန်ပြည်နယ်၏ စိုက်ပျိုးရေးစွမ်းအား ဆယ်စုတိုးတက်အောင် ဆည်တမံများတည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ရာ မိုးစပါးသာမက နွေစပါးနှင့် ပဲမျိုးစုံပါ တိုးချဲ့ စိုက်ပျိုးအကျိုးပြုလျက်ရှိသည့် ရင်းငြိမ်ရေထိန်းတံခါးကို တွေ့ရစဉ်။

ဒေသခံပြည်သူများ သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေနေသည့် မွန်ပြည်နယ် သထုံမြို့ကဝါးပါး ရေလှောင်တမံကို တွေ့ရစဉ်။

သတင်းမှတ်စု -- မောင်ငြိမ်းဇေး

လယ်ယာမြေဥပဒေပြဋ္ဌာန်း

* ရှေ့မှုံးမှ

ရေတွင်းများ၊ ရေကာတာများ၊ လမ်းများနှင့် အခြားသော ထာဝစဉ်တိုးတက်ကောင်းမွန်စေရန် ပြုလုပ်သည့် လုပ်ဆောင်မှုများပါဝင်သည်။ သို့ရာတွင် ထွန်ယက်စိုက်ပျိုးနေ အတွက် မြေရှင်းခြင်း၊ ကန်သင်းပြုလုပ်ခြင်းနှင့် ထာဝစဉ် မတည်မြဲသည့် တိုးတက်ကောင်းမွန်စေရန် ပြုပြင်သော လုပ်ဆောင်ထားမှုများ မပါဝင်။

(စျ) **အုပ်ထိန်းသူ** ဆိုသည်မှာ အရွယ်မရောက်သော သူကို သော်လည်းကောင်း၊ စိတ်ပျော့သို့သည်ကို သော် လည်းကောင်း၊ ထိုသူတစ်ဦးဦး၏ ပစ္စည်းကို သို့မဟုတ် ပစ္စည်းနှင့်တကွ လူကို သော်လည်းကောင်း၊ အုပ်ထိန်းစောင့်ရှောက်နေအဖွဲ့အစည်း သက်ဆိုင်ရာ စီရင်ပိုင်ခွင့်အာဏာရှိသည့် တရားရုံးက ခန့်အပ် သူကို ဆိုသည်။

(ည) **တောင်သူလယ်သမားအဖွဲ့အစည်း** ဆိုသည်မှာ ကျေးလက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုစေရန် ထုတ်ပြန်ထားသော ဥပဒေတစ်ရပ်ရပ်နှင့်အညီ ဖွဲ့စည်းထား သော တောင်သူလယ်သမားအဖွဲ့အစည်းကို ဆိုသည်။

(ဋ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဌ) **ဦးစီးဌာန** ဆိုသည်မှာ ကြေးတိုင်နှင့်မြေတာရင်းဦးစီးဌာနကို ဆိုသည်။

အခန်း(၂)
လယ်ယာမြေကို လုပ်ပိုင်ခွင့်ပြုခြင်း

၄။ လယ်ယာမြေကို အသုံးပြုခွင့်ရရှိထားသူသည် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်ဦးစီးဌာနမှသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၅။ မြို့နယ်ဦးစီးဌာနမှသည် ပုဒ်မ ၄ အရ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။

၆။ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေအာဏာတည် သည့်နေ့ရက်တွင် တည်ရှိနေသော လယ်ယာမြေများနှင့်စပ်လျဉ်း၍ အောက်ပါ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား သက်ဆိုင်ရာ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ သဘောတူညီချက်ဖြင့် မြို့နယ်ဦးစီးဌာနမှုးတွင် သတ်မှတ် ချက်များနှင့်အညီ မှတ်ပုံတင်ကြေးပေးဆောင်စေ၍ မှတ်ပုံတင်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးရမည်-

(က) လူပုဂ္ဂိုလ်ဖြစ်ပါက-

(၁) လယ်ယာမြေကို အသုံးပြုခွင့် ရရှိထားသော ထိုအိမ်ထောင်စုသည် တောင်သူလယ်သမား အိမ်ထောင်သားစု သို့မဟုတ် အိမ်ထောင်သားစုဝင်ဖြစ်ရမည်။

(၂) လယ်ယာမြေကို အသုံးပြုခွင့်ရရှိထားသော ထိုအိမ်ထောင်သားစုအကြီးအကဲ သို့မဟုတ် ထိုအိမ်ထောင်သားစုတွင် ပါဝင်သူတစ်ဦး သို့မဟုတ် အုပ်ထိန်းသူသည် ဤဥပဒေ ပြဋ္ဌာန်းအတည်မပြုမီ တည်ဆဲမြေယာဥပဒေများနှင့်အညီ တရားဝင်လက်ရှိလက်ငုတ် လုပ်ကိုင်နေသူဖြစ်ရမည်။

(၃) ဤဥပဒေပြဋ္ဌာန်းပြီးနောက် ဤဥပဒေနှင့်ဖြစ်စေ၊ ဤဥပဒေအပြေပြေသည့် နည်းဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ တရားဝင်အကျိုးခံစားခွင့် ရရှိသူ ဖြစ်ရမည်။

(၄) အသက်(၁၈)နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

(၅) နိုင်ငံသား။ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့် ရသူ ဖြစ်ရမည်။

(ခ) အဖွဲ့အစည်းဖြစ်ပါက လယ်ယာမြေကို အသုံးပြုခွင့် ရရှိထား သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်း၊ ကုမ္ပဏီ သို့မဟုတ် အသင်းအဖွဲ့ ဖြစ်ရမည်။

၇။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေအာဏာတည်ပြီး နောက် လယ်ယာမြေလုပ်ပိုင်ခွင့် ပြန်လည်သိမ်းယူသော လယ်ယာမြေနှင့် နီးစပ်တော်ကာ အခါအားလျော်စွာ ဖော်ထုတ်သော လယ်ယာမြေများနှင့် စပ်လျဉ်း၍ အောက်ပါ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ သဘောတူညီချက်ဖြင့် မြို့နယ်ဦးစီးဌာနမှုးတွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ကြေးပေးဆောင်စေ၍ မှတ်ပုံတင်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးရမည်-

(က) လူပုဂ္ဂိုလ်ဖြစ်ပါက-

(၁) လယ်ယာမြေကိုအသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ရမည်။

(၂) အကြောင်းထူးမရှိလျှင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် အခြေချနေထိုင်သူ ဖြစ်ရမည်။

(၃) အသက်(၁၈)နှစ် ပြည့်ပြီးသူဖြစ်ရမည်။

(၄) နိုင်ငံသား။ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့် ရသူဖြစ်ရမည်။

(ခ) အဖွဲ့အစည်းဖြစ်ပါက လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ကို အမှန်တကယ်လုပ်ကိုင်လိုသော အစိုးရဌာန၊ အစိုးရအဖွဲ့ အစည်း၊ အစိုးရ မဟုတ်သော အဖွဲ့အစည်း၊ ကုမ္ပဏီ သို့မဟုတ် အသင်းအဖွဲ့ ဖြစ်ရမည်။

၈။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်း ချက်များနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ဝယ်ယူခြင်း၊ လဲလှယ်ရယူခြင်း သို့မဟုတ် ပေးကမ်းသည်ကို လက်ခံခြင်းပြုသွားလည်းကောင်း၊ အမွေ ဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသူအား လည်းကောင်း၊ မြေ လွတ်၊ မြေလပ်နှင့် မြေရိုင်းလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိ၍ စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်စိုက်ပျိုးပြီးနောက် ဤဥပဒေနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားသူအားလည်းကောင်း၊ မြို့နယ်ဦးစီးဌာနမှုးတွင် သတ်မှတ်ချက် များနှင့်အညီ မှတ်ပုံတင်ကြေးပေးဆောင်စေ၍ မှတ်ပုံတင်ပြီး လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးရမည်။

အခန်း(၃)
လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူ၏ အခွင့်အရေးများ

၉။ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် အောက်ပါအခွင့်အရေးများကို ရရှိစေရမည်-

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေ လုပ်ပိုင်ခွင့်၊ ငှားရမ်းသို့ လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာ တရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကျေးလက်သမဝါယမအသင်း၏ ရင်းနှီးမြှုပ်နှံမှုနှင့် လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင် သောအဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူ လုပ်ကိုင်ခွင့်။

၁၀။ ဤဥပဒေ ပုဒ်မ ၄၊ ၅၊ ၆၊ ၇၊ ၈ နှင့် ၉ တို့ပါ ပြဋ္ဌာန်းချက်များသည် မြေနက္ကန်းချထားခြင်းနှင့် မသက်ဆိုင်စေရ။

၁၁။ မြေနက္ကန်းချထားရေးကိစ္စရပ်များအတွက် ဤဥပဒေအရပြုသည့် နည်းဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရမည်။

အခန်း(၄)
လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

၁၂။ လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူသည်-

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနက စည်းကြပ်သော မြေခွန်နှင့် အခြားအခွန်အစဉ်များကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်း ခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့် အခါ ဦးစီးဌာနကသတ်မှတ်သည့် တံဆိပ်ခေါင်းခွန်နှင့် စာချုပ် စာတမ်းမှတပ်ဝင်တို့ကို ပေးဆောင်၍ သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေ လုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဌာန၏ သို့မဟုတ် အစိုးရက အသိအမှတ်ပြုသော ဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က တရားဝင်ချထား ခြင်းမရှိဘဲ ကျူးကျော်လုပ်ကိုင်ခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ခွင့်ပြုစိန်မရရှိဘဲ အခြားနည်း သုံးစွဲခြင်းမပြုရ။

(ဇ) လယ်ယာမြေကို မူလစိုက်ပျိုးလျက်ရှိသော သီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုး ခြင်းမပြုရ။

(ဈ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ် ထားခြင်းမပြုရ။

(ည) လယ်ယာမြေလုပ်ပိုင်ခွင့် မရှိတော်လအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ် နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံ ခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

၁၃။ ဤဥပဒေအာဏာတည်ပြီးသည့်နောက် လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်း ပွားမှု အရှည်အရှင်းဖြစ်လာလျှင် ဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီးမှသာ တရားဝင်ဖြေရှင်းဆောင်ရွက်နိုင်ခွင့်ရှိသည်။

၁၄။ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် လယ်ယာမြေ လုပ်ပိုင်ခွင့်အားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်မရရှိဘဲ မည်သည့်နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သည့် အဖွဲ့အစည်း ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

အခန်း(၅)
လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်း

၁၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ကြေးတိုင်နှင့်မြေတာရင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ အကြီး အမှူးများက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့ကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၆။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည်-

(က) အောက်ပါလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်ကို ဖွဲ့စည်း ပေးရမည်-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၊

(၂) ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၊

(၃) မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၊

(၄) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေ စီမံ ခန့်ခွဲမှုအဖွဲ့။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်ကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

အခန်း(၆)
ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၇။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့်ရုပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုသတ်မှတ်ခြင်း။

(ခ) လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်း၊ လယ်ယာမြေလုပ်ပိုင် ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ အသုံးပြု ခွင့်ပေးခြင်းနှင့် အငြင်းပွားမှု ဖြေရှင်းခြင်းတို့နှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်း ခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက် သည့်ကိစ္စရပ်များကို လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း။

(ဃ) ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့်(ဃ)တို့ပါ စီမံခန့်ခွဲရေး ပြစ်ဒဏ် တစ်ရပ်ရပ် ချမှတ်ခြင်းခံရသူ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ကို လည်းကောင်း၊ ပုဒ်မ ၃၀နှင့် အကျုံးဝင်သော လယ်ယာမြေကို လည်းကောင်း၊ ပုဒ်မ ၃၇အရ ပြစ်ဒဏ်ချမှတ်ခြင်း ခံရသူ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုလည်းကောင်း ပြန်လည်ရုပ်သိမ်း ခြင်း။

(င) ကျေးလက်ဒေသများနှင့် မြို့ပြဒေသများတွင် တိုးတက်လျက်ရှိ သော လူဦးရေနှင့် တိုးပွားလာသော အိမ်ထောင်စုများအတွက် အိမ်ရာတည်ဆောက်ရန် လိုအပ်ချက်အရ လယ်ယာမြေကို အသုံးပြုရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့၏ ကျေးလက်နှင့် မြို့ပြအိမ်ရာစီမံကိန်းများ နှင့်စပ်လျဉ်းသည့် တင်ပြချက်များကို စိစစ်၍ အတည်ပြုခြင်း။

(စ) ကျေးလက်နေပြည်သူလူထု၏ လုပ်နေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး နှင့် သက်ဆိုင်သည့် စာသင်ကျောင်း၊ ကျန်းမာရေးဌာန၊ ဆေးရုံ ဆေးပေးခန်း၊ စာကြည့်တိုက်၊ ကျေးလက်ရေး၊ သုသာန်နှင့် အခြားလိုအပ်သော အဆောက်အအုံများအတွက် လယ်ယာ မြေကို အသုံးပြုရန်ကိစ္စနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တင်ပြချက်ကို စိစစ်ပြီး အတည်ပြုခြင်း။

(ဆ) လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာမှ ဧကော်မီ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင်လိုအပ်သည့် လယ်ယာသုံးစက်နှင့် စက်ကိရိယာများအားထားရှိခြင်း၊ ဆန်စက်များ၊ သီးနှံသိုလှောင်သည့်ဂိုဒေါင်များ၊ လိုအပ်သော ကုန်ထုတ်လမ်း များနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် လယ်ယာမြေကို အသုံးပြုရန်ကိစ္စနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တင်ပြချက် ကို စိစစ်ပြီး အတည်ပြုခြင်း။

(ဇ) လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာ စနစ်မှ ဧကော်မီစက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် လယ်ယာမြေပြုပြင်ခြင်းလုပ်ငန်းများအတွက် လယ်ယာမြေကို အသုံးပြုရန်ကိစ္စနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တင်ပြချက်ကို စိစစ်ပြီး အတည်ပြုခြင်း။

(စျ) မြေနကျွန်း လုပ်ပိုင်ခွင့်ချထားရေးနှင့် ယင်းလုပ်ပိုင်ခွင့် ရရှိသူ များ၏ အခွင့်အရေးဆိုင်ရာမူဝါဒများ ချမှတ်ခြင်း၊ လမ်းညွှန် ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း။

(ည) ရွှေ့ပြောင်းတောင်ယာ ခုတ်ထွင်စိုက်ပျိုးရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း။

(ဋ) လယ်ယာမြေနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က အခါ အားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက် ခြင်း။

၁၈။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ အရ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းကိစ္စရပ်များအတွက် နှစ်ဦးသဘောတူစာချုပ်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ရှေ့မှောက်တွင်ချုပ်ဆို၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှုးနှင့် မှတ်ပုံတင်ရာတွင် လယ်ယာ မြေတန်ဖိုးကို ဒေသန္တရအခြေအနေအရ ဆီလျော်သောနှုန်းထားဖြစ်စေရန် သင့်လျော်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အား လုပ်ပိုင်ခွင့်အပ်နှင်းနိုင် သည်။

အခန်း(၇)
စည်းကမ်းချက်များကိုလိုက်နာရန် ပျက်ကွက်၍ အရေးယူခြင်း

၁၉။ ဤဥပဒေ ပုဒ်မ ၁၂ ပါ စည်းကမ်းချက်အားလုံးကိုဖြစ်စေ၊ စည်းကမ်း ချက်တစ်ခုခုကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်လျှင် ဝန်ကြီးဌာနက ဤကိစ္စ အလိုငှာ ခန့်အပ်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေး ပြီးနောက် အောက်ဖော်ပြပါ အမိန့်တစ်ရပ်ကိုဖြစ်စေ ချမှတ်နိုင်သည်-

(က) သတ်မှတ်သည့် ဒဏ်ကြေးငွေ

(ခ) သတ်မှတ်သည့်နည်းလမ်းအတိုင်း ပြန်လည် စေခြင်း။

(ဂ) လယ်ယာမြေပေါ်မှ နှင်ထုတ်ထိုက်

(ဃ) လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မ အဆောက်အအုံများကို ဖယ်ရှား

၂၀။ ပုဒ်မ ၁၉ ပါ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ သောအမိန့်ကို လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူက အမိန့်ပါ သတ်မှတ်ရက်ကျော်လွန်ပါက သက် လျှောက်ထား တရားစွဲဆိုနိုင်သည်။

၂၁။ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် ကောက်ခံသည့် အခွန်အာမခံများကိုပေးဆောင်ရန် ဥပဒေများနှင့်အညီ ထိုအခွန်အာမခံများကို မြေခွန်း ကောက်ခံခြင်း ခံရမည်။

အခန်း(၈)
လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုဖြေရှင်း

၂၂။ လယ်ယာမြေ လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအ ၏ စိစစ်စစ်ဆေးခြင်း၊ ကြားနာခြင်းနှင့် ဆုံးဖြ

၂၃။ (က) ရပ်ကွက်နှင့်ကျေးရွာအုပ်စု လယ်ယ ၂၂ အရ ချမှတ်သောအမိန့် မကျေနပ်သူသည် ယင်းအမိန့် ချမှတ်သည့်နေ့မှ ရက်ပေါင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအ အညီ အယူခံနိုင်သည်။

(ခ) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအ သို့မဟုတ် ဆုံးဖြတ်ချက်ကို အ သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သ

၂၄။ (က) ပုဒ်မ ၂၃၊ ပုဒ်မခွဲ(ခ)အရ မြို့နယ်လ ချမှတ်သောအမိန့် သို့မဟုတ် ဆုံ သည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင် ခံနှုန်းမှုအဖွဲ့သို့ သတ်မှတ်ချက်များ

(ခ) ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ စီမံခန့်ခွဲမှုအဖွဲ့က ချမှတ်သည့် အခြေ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း ပြုနိုင်သည်။

၂၅။ (က) ပုဒ်မ ၂၃၊ ပုဒ်မခွဲ(ခ)အရ ခရိုင်လယ် ချမှတ်သော အမိန့် သို့မဟုတ် ဆ သည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြ ရက်ပေါင်း ၆၀ အတွင်း သက်ဆိုင် ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအ အညီ အယူခံနိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဖွဲ့ သည် ခရိုင်လယ်ယာမြေစီမံ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြု

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြ

အခန်း(၉)
နစ်နာကြေးနှင့်လျော်ကြေး

၂၆။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပ အကျိုးငှာဖြစ်စေ၊ အများပြည်သူအကျိုးငှာဖြစ် မြေနှင့် ယင်းလယ်ယာမြေပေါ်ရှိ အဆောက်အ စေရန် ပြုပြင်ခြင်းအပါအဝင် မူလလယ်ယာ ဆောင်ရွက်ထားသည်ကိစ္စရပ်များအတွက် နစ်နာ ပေးခြင်းနှင့် အခြားနည်းလမ်းဖြင့် စီမံဆောင်ရွ ပြုလုပ်ပေးနိုင်ရေးနှင့်စပ်လျဉ်း၍ ဗဟိုလယ်ယာ လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရမည်။

၂၇။ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ယ)အရ ဗဟိုလယ် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုလည်းကောင်း၊ လ ပြန်လည်ရုပ်သိမ်းခြင်းခံရသူသည် လျော်ကြေး

အခန်း(၁၀)
လယ်ယာမြေကို အသုံးချ

၂၈။ မူလစိုက်ပျိုးလျက်ရှိသည့် သီးနှံအမျိုးအစ သို့ ပြောင်းလဲစိုက်ပျိုးခွင့်ပြုရန် လျှောက်ထား

(က) ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ စားသုံးသီးနှံဖြစ်သည့် ဆန်စပါးဖြ အတွက် သတ်မှတ်ချက်များနှင့် အခြားသီးနှံပြောင်းလဲစိုက်ပျိုးရန်

(ခ) သက်ဆိုင်ရာတိုင်း

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ (၁)နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုပွဲတက်ရောက်

နေပြည်တော် ဧပြီ ၂

ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ (၁)နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုပွဲကို မတ် ၃၀ ရက် နံနက် ၉ နာရီတွင် လောက်ကိုင်ပြို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ခုံးရှေ့ ကွင်းပြင်၌ ဦးစီးအဖွဲ့ဝင်များ၊ လောက်ကိုင် ခရိုင်၊ လောက်ကိုင် ပြို့နယ်နှင့် ပြို့နယ်ခွဲ အုပ်ချုပ်ရေးမှူးများ၊ ခရိုင်/ပြို့နယ် အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံပြီး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးအောင်သူက လောက်ကိုင်ခရိုင်ပြည်သူ့ဆေးရုံ ဆေးပရသောပင်အတွက် ငွေကျပ် ၁၀သိန်းကို လောက်ကိုင်ခရိုင်ပြည်သူ့ဆေးရုံအုပ် ဒေါက်တာတိုးတိုးထိ ပေးအပ်လျှက်နိုးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ (၁)နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုပွဲကို မတ် ၃၀ ရက် နံနက် ၉ နာရီတွင် လောက်ကိုင်ပြို့၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ခုံးရှေ့ ကွင်းပြင်၌ ဦးစီးအဖွဲ့ဝင်များ၊ လောက်ကိုင် ခရိုင်၊ လောက်ကိုင် ပြို့နယ်နှင့် ပြို့နယ်ခွဲ အုပ်ချုပ်ရေးမှူးများ၊ ခရိုင်/ပြို့နယ် အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံပြီး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးအောင်သူက လောက်ကိုင်ခရိုင်ပြည်သူ့ဆေးရုံ ဆေးပရသောပင်အတွက် ငွေကျပ် ၁၀သိန်းကို လောက်ကိုင်ခရိုင်ပြည်သူ့ဆေးရုံအုပ် ဒေါက်တာတိုးတိုးထိ ပေးအပ်လျှက်နိုးခဲ့ကြောင်း သတင်းရရှိသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ခုံး အစည်းအဝေးခန်းမ၌ လောက်ကိုင်ခရိုင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၊ လောက်ကိုင် ခရိုင်၊ လောက်ကိုင် ပြို့နယ်နှင့် ပြို့နယ်ခွဲ အုပ်ချုပ်ရေးမှူးများ၊ ခရိုင်/ပြို့နယ် အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံပြီး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးအောင်သူက လောက်ကိုင်ခရိုင်ပြည်သူ့ဆေးရုံ ဆေးပရသောပင်အတွက် ငွေကျပ် ၁၀သိန်းကို လောက်ကိုင်ခရိုင်ပြည်သူ့ဆေးရုံအုပ် ဒေါက်တာတိုးတိုးထိ ပေးအပ်လျှက်နိုးခဲ့ကြောင်း သတင်းရရှိသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ရခိုင်လှိုင်း နယ်စပ်ဒေသ နေရာဒေသ BB ၁၂၅ နယ်ခြား မှတ်တိုင်အမှတ် စက်မူလှေ တည်ဆောက် ရန်အတွက် မြေနေရာအကောင် အထည်ဖော် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များနှင့်အတူ ညနေပိုင်းတွင် ကြာစီမူရကျေးရွာအုပ်စု ကျူဝါကျိုင်းကျေးရွာအနီး ချားဟော် ရေအားလျှပ်စစ် တည်ဆောက်ရန် ရေဂါလန် သိန်း (၆၇၀၀) ဆုံ သတ္တုဝါများနှင့် စပ်လျဉ်း၍ နည်းပညာဆိုင်ရာကိစ္စရပ်များအား အကြပ်ပြတင်ပြခြင်း၊ တရားမဝင်ငါးဖမ်းဆီး ခြင်းဆိုင်ရာများ လေ့ကျင့်ရေးပေးရာ ရေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။အစည်းအဝေးသို့ SEAFDEC အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အာဆီယံ (၁၀) နိုင်ငံနှင့် ဂျပန်၊ စင်ကာပူနိုင်ငံများမှ ငါးလုပ်ငန်းဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များ၊ ကောင်စီဒါရိုက်တာများ၊ အဆင့်မြင့် အရာရှိကြီးများ၊ SEAFDEC အထွေထွေအတွင်းရေးမှူးချုပ်မှုနှင့် ဌာနခွဲလေးခုမှအရာရှိများ၊ FAO ၊ အာဆီယံအတွင်းရေးမှူးချုပ်မှုနှင့် ဒေသတွင်းငါးလုပ်ငန်းဆိုင်ရာ NGO များ၊ လေ့လာသူများ စုစုပေါင်း(၇၀) တက်ရောက်ကြသည်။

(သတင်းစဉ်)

အရှေ့တောင်အာရှငါးလုပ်ငန်းပွဲ ပြိုးရေးပဟိဋ္ဌာနကောင်စီ အစည်းအဝေးပွင့်

နေပြည်တော် ဧပြီ ၂

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် SEAFDEC အဖွဲ့ဝင် နိုင်ငံများ၏ (၄၄) ကြိမ်မြောက် အရွေ့တောင်အာရှငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာန ကောင်စီ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ် ၌ကျင်းပရာ မွန်မြန်မာနေ့ရွှေ ရေလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးဖွဲ့၏ (၁၄)ကြိမ်မြောက် အစည်းအဝေးရလဒ် များတင်ပြခြင်း။ ၂၀၁၁ ခုနှစ်တွင် ချမှတ်ခဲ့သည့် ငါးလုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်များ လုပ်ငန်းစီမံချက်များ အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများ ဆွေးနွေးတင်ပြခြင်း၊ စီးပွားရေးအရ အရေးပါသော ရေ ယင်းနောက် အစည်းအဝေးကျင်းပရာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အာဆီယံ နိုင်ငံများ၏ အစီအစဉ် ချမှတ်ရေး ဆိုင်ရာ ကော်မတီအစည်းအဝေး ရလဒ်များတင်ပြခြင်း။ ASEAN-SEAFDEC မဟာဗျူဟာ ပူးပေါင်း ဆောင်ရွက်ရေးအစီအစဉ်အရ ငါး လုပ်ငန်းဆိုင်ရာ အကြပ်ပြအဖွဲ့၏ (၁၄)ကြိမ်မြောက် အစည်းအဝေးရလဒ် များတင်ပြခြင်း။ ၂၀၁၀ ခုနှစ်တွင် ချမှတ်ခဲ့သည့် ငါးလုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်များ လုပ်ငန်းစီမံချက်များ အား အကောင်အထည်ဖော် ဆောင် ရွက်နိုင်မှုများ ဆွေးနွေးတင်ပြခြင်း၊ စီးပွားရေးအရ အရေးပါသော ရေ ဆည်တည်ဆောက်နေမှုနှင့် တာရွှေထန် ကျေးရွာအုပ်စု ရှိမန်ကျေးရွာအနီး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည် ဆောက်မည့် သုံးဂေးအကျယ်အဝန်း ရှိ မြေခရိယာပြုပြင်ဆောင်ရွက်နေမှု တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ခုံးရှေ့ ကွင်းပြင်၌ ဂုဏ်ပြုပွဲတက်ရောက်ပြီး ဦးစီးအဖွဲ့ဝင်များနှင့် ဆွေးနွေးခဲ့ကြသည်။

ရွှေပြည်သာဖြို့နယ် သာသနာ့နုဂူဟာအသင်းက ကြိမ်မျိုးဖွင့်လှစ်ခဲ့သော အမှတ် (၆/၁၁)ရပ်ကွက် ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကို မတ် ၃၀ ရက်က ဟားခါးပန်းခြံ ဓမ္မာရုံ၌ ကျင်းပရာ ရပ်ကွက်သာသနာ့ နုဂူဟာ အသင်းဥက္ကဋ္ဌ ဦးကံမြင့်နှင့် သင်ကြားရေး တာဝန်ရှိသူတို့က သင်တန်းသား ထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ် များကို ချီးမြှင့်စဉ်။ (၁၆၆)

အမှာစကားပြောကြား

မြန်အောင်မြို့နယ် အားကစား နှင့်ကယပညာကော်မတီက ကြိမ်မျိုး ကျင်းပသော နွေရာသီ အားကစား သင်တန်းဖွင့်ပွဲကို မြို့နယ်အောင်ဓေယျ အားကစားခန်းမ၌ မတ် ၂၅ ရက်က ကျင်းပရာ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားစဉ်။

(အား/ကာ)

ပြီးနောက် အောက်ဖော်ပြပါ အမိန့်တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) သတ်မှတ်သည့် ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊

(ခ) သတ်မှတ်သည့်နည်းလမ်းအတိုင်း လယ်ယာမြေကို ဆောင်ရွက် စေခြင်း၊

(ဂ) လယ်ယာမြေပေါ်မှ နှင်ထုတ်ထိုက်သူများကို နှင်ထုတ်ခြင်း၊

(ဃ) လယ်ယာမြေပေါ်တွင် ဥပဒေပြုချက်မရှိဘဲ ဆောက်လုပ်ထားသော အဆောက်အအုံများကို ဖယ်ရှားခြင်း။

၂၀။ ပုဒ်မ ၁၉ ပါ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ယင်းပုဒ်မအရ ချမှတ် သောအမိန့်ကို လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူက လိုက်နာခြင်းမရှိလျှင် ယင်း အမိန့်ပါ သတ်မှတ်ရက်ကျော်လွန်ပါက သက်ဆိုင်ရာတရားရုံးသို့ ဦးတိုက် လျှောက်ထား တရားစွဲဆိုနိုင်သည်။

၂၁။ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် ဝန်ကြီးဌာနက စည်းကြပ် ကောက်ခံသည့် အခွန်အခများကိုပေးဆောင်ရန် ပျက်ကွက်လျှင် တည်ဆဲ ဥပဒေများနှင့်အညီ ထိုအခွန်အခများကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံခြင်း ခံရမည်။

အခန်း(၈)

လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုဖြေရှင်းခြင်းနှင့် အယူခံခြင်း

၂၂။ လယ်ယာမြေ လုပ်ပိုင်ခွင့်စပ်လျဉ်း၍ အငြင်းပွားမှုကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် မူလမှူခင်း ဖွင့်လှစ် ၍ စုစမ်းစစ်ဆေးခြင်း၊ ကြားနာခြင်းနှင့် ဆုံးဖြတ်ခြင်းပြုရမည်။

၂၃။ (က) ရပ်ကွက်နှင့်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ပုဒ်မ ၂၂ အရ ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့်၊ ဆုံးဖြတ်ချက်ကို ရပ်ကွက်သည်နေ့ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာခရိုင် ပြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ အယူခံနိုင်သည်။

(ခ) ပြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ရပ်ကွက်နှင့် ကျေးရွာ အုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၄။ (က) ပုဒ်မ ၂၃၊ ပုဒ်မခွဲ(ခ)အရ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့်၊ သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာခရိုင် လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ အယူခံနိုင်သည်။

(ခ) ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် ပြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူ သည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ သတ်မှတ်ချက်များနှင့် အညီ အယူခံနိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့သည် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင် ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

အခန်း(၉)

နစ်နာကြေးနှင့်လျော်ကြေးများ

၂၆။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ နိုင်ငံတော် အကျိုးငှာဖြစ်စေ၊ အများပြည်သူအကျိုးငှာဖြစ်စေ သိမ်းယူသည်လယ်ယာ မြေနှင့် ယင်းလယ်ယာမြေပေါ်၌ အဆောက်အအုံဖြင့် တိုးတက်ကောင်းမွန် စေရန် ပြုပြင်ခြင်းအပါအဝင် မူလလယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိထားသူ ဆောင်ရွက်ထားသည့်ကိစ္စရပ်များအတွက် နစ်နာမှုဝန်းကျင်ရန်ပုံငွေစရန် လျော်ကြေး ပေးခြင်းနှင့် အခြားနည်းလမ်းဖြင့် စီမံဆောင်ရွက်ခြင်းတို့ကို သက်ဆိုင်ရာက ပြုလုပ်ပေးနိုင်စေနေ့ရှိစေ့ပြီးလျှင် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရမည်။

၂၇။ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ဃ)အရ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေလုပ်ပိုင်ခွင့်ကို လည်းကောင်း၊ လယ်ယာမြေကိုလည်းကောင်း ပြန်လည်ရုပ်သိမ်းခြင်းခံရသူသည် လျော်ကြေးရထိုက်ခွင့် မရှိစေရ။

အခန်း(၁၀)

လယ်ယာမြေကို အသုံးချခြင်း

၂၈။ မူလစိုက်ပျိုးလျက်ရှိသည့် သီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစား သို့ ပြောင်းလဲစိုက်ပျိုးခွင့်ပြုရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍-

(က) ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် နိုင်ငံတော်၏ အဓိက စားသုံးသီးနှံဖြစ်သည့် ဆန်စပါးဖူလုံမှုကို ထိခိုက်မှုမရှိစေရေး အတွက် သတ်မှတ်ချက်များနှင့်အညီစစ်ပြီး လယ်မြေတွင် အခြားသီးနှံပြောင်းလဲစိုက်ပျိုးရန် ခွင့်ပြုနိုင်သည်။

(ခ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် လယ်မြေမှတစ်ပါး၊ လယ်ယာမြေကို အခြား သီးနှံပြောင်းလဲစိုက်ပျိုးရန် ခွင့်ပြုခြင်းမရှိသော်လည်း ဗဟိုလယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့ချုပ်၏ ခွင့်ပြုချက်ကို ရယူပြီးမှ ပြောင်းလဲ သတ်မှတ်ပြီး ဤဥပဒေတွင် အကျူးဝင်စေရမည်။

အခန်း(၁၁)

လယ်ယာမြေကို စီမံခန့်ခွဲခြင်း

၃၂။ နိုင်ငံတော်အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအတွက် လယ်ယာ မြေကို သိမ်းယူရာတွင် အနည်းဆုံး လိုအပ်သောပမာဏကိုသာ သိမ်းယူရမည်။ စီမံကိန်းအား သတ်မှတ်ကာလအတွင်း အပြန်ဆုံးပြီးစီးစေရန် အကောင် အထည်ဖော်ရမည်ဖြစ်ပြီး စီမံကိန်းများ ဆောင်ရွက်ခြင်းမပြုတော့ပါက မူလ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းထံ ပြန်လည် ပေးအပ်ရမည်။

၃၃။ ပြည်ထောင်စုအစိုးရအဖွဲ့ကသော်လည်းကောင်း၊ ဤကိစ္စအလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့က ခန့်အပ်သော အာဏာပိုင်ကသော်လည်းကောင်း အခြားနည်း အမိန့်ဆင့်ဆိုသည်မှတစ်ပါး ကျွဲ၊ နွား၊ စာကျက်များနှင့် ရွာဘုံမြေများကို မပျက်စီးစေဘဲ ဆက်လက်ထားရှိရမည်။

၃၄။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဟိုကော်မတီက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့် သို့မဟုတ် အသုံးပြုခွင့်ပေးထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများနှင့်စပ်လျဉ်း၍ သီးနှံ စိုက်ပျိုးထုတ်လုပ်မှု တည်ငြိမ်သည့်အခါ လယ်ယာမြေအဖြစ် ပြောင်းလဲ သတ်မှတ်ပြီး ဤဥပဒေတွင် အကျူးဝင်စေရမည်။

အခန်း(၁၂)

ဖြစ်မှုနှင့် ပြစ်ဒဏ်များ

၃၅။ မည်သည့်လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူမဆို ပုဒ်မ ၁၉ အရ ချမှတ် သောအမိန့်ကိုဖြစ်စေ၊ ဤဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှု တွင် ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုဖြစ်စေ လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံးနှစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်ပြင် အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

၃၆။ ပုဒ်မ ၁၉အရ ချမှတ်သောအမိန့်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယခင်က အလားတူပြစ်မှုဖြင့် ပြစ်မှု ထင်ရှားစီရင်ခြင်းခံခဲ့ရလျှင် ထပ်မံကျူးလွန်သောပြစ်မှုအတွက် ပုဒ်မ ၃၅ ပါ အများဆုံးထောင်ဒဏ် ချမှတ်ခြင်းခံရမည်။

၃၇။ မည်သည့်လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူမဆို ပုဒ်မ ၁၄ ပါ တားမြစ် ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူ ကို အနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည် ပြင် ကျပ် ၁၀ သိန်းအောက် မနည်းသည့် ငွေဒဏ်ကိုလည်း ချမှတ်ရမည်။

၃၈။ ဤဥပဒေနှင့်အညီဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများ နှင့်အညီဖြစ်စေ သဘောရိုးဖြင့် ဆောင်ရွက်သည့် ကိစ္စတစ်ရပ်ရပ်အတွက် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်၌ အဖွဲ့ဝင်များကို မည်သည့်တရားရုံး တွင်မျှ တရားစွဲဆိုခွင့် မရှိစေရ။

၃၉။ ပုဒ်မ ၃၇ အရ တရားစွဲဆိုသောပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၄၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက် ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ဦးစီးဌာနတို့သည် လိုအပ် ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၃။ အောက်ပါဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်-

(က) ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ၊

(ခ) ၁၉၆၃ ခုနှစ်၊ သီးစားချထားရေးဥပဒေ၊

(ဂ) ၁၉၆၃ ခုနှစ်၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ် သည့်ဥပဒေ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ဝုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကချင်ပြည်နယ် နွေရာသီအားကစားသင်တန်းပေါင်းစုံဆင်းပွဲကျင်းပ

နေပြည်တော် ဧပြီ ၂

ကချင်ပြည်နယ် နွေရာသီအားကစားသင်တန်းပေါင်းစုံဆင်းပွဲ အခမ်းအနားကို မတ် ၃၀ ရက် နံနက် ၈ နာရီခွဲက မြစ်ကြီးနားမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပရာ ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ် ဦးလွန်နန်ဆိုင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရုးဝမ်ဂျုံနှင့်အတူ သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကဆီးဆိုင်းလုံးနှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၏ ဇနီး ဒေါ်ဘီနင်ရှင်းတို့က သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုလက်ဆောင်များ ဆီးမြှင့်ကြသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများက အားကစားနည်းအလိုက် စုပေါင်း သရုပ်ပြကြသည်။ နွေရာသီအားကစား သင်တန်းတွင် ပြေးခုန်ပစ်၊ ကရာတေး၊ ဘောလုံး၊ ဒေဇမြီးတစ်၊ မြန်မာ့သိုင်း၊ ဝိုက်ကျော်ခြင်း၊ တင်းနစ်၊ စားပွဲတင်တင်းနစ်၊ ကာယဗလ၊ ကာယအရေး အားကစားနည်း ကိုးမျိုးဖွင့်လှစ်ပေးပြီး သင်တန်းသား သင်တန်းသူ ၅၀၀ တက်ရောက်လေ့ကျင့်သင်ကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ပန်ဒါဟိုတယ်၌ မတ် ၂၅ ရက်က ကျင်းပသည့် အထက(၂)လမ်းမတော် ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲတွင် အာစရိယပူဇော်ခွဲဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွှန့်နှင့် ကျောင်းသား ကျောင်းသူဟောင်းများက ဆရာ ဆရာမကြီးများအား ဂါရဝပြုလက်ဆောင်ပေးအပ်ကြစဉ်။ (မြန်မာ့အလင်း)

သန့်လျင်မြို့နယ် ပညာရေးမိသားစု စုပေါင်းရုတ်ခြည်းခံရ

ရန်ကုန် ဧပြီ ၂

သန့်လျင်မြို့နယ် ပညာရေးမိသားစု၏ စုပေါင်းရုတ်ခြည်းခံရခြင်းမှာ အလျှောတော်ကို သန့်လျင်မြို့ ညောင်သုံးပင်ကျောင်းတိုက်၌ မတ် ၂၇ ရက်က ကျင်းပရာ အလှူဒါယကာဖြစ်သော ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက သိယာတော် အပေါ် ၂၀ တို့အား သိမ်ဆင်းလောင်းလျှ ဆက်ကပ်သည်။

သန့်လျင်မြို့နယ်ပညာရေး မိသားစု၏ စုပေါင်းရုတ်ခံရခြင်းမှာ အလျှောတော်တွင် ရုတ်ခံနှင့်သာမကော ၁၈၁ ပါး တို့ကို သာသနာ့ဘောင်သို့ သွတ်သွင်း ခဲ့ဖြင့်ခဲ့သည်။ ရုတ်ခံနှင့် ရှင်သာမဏေတို့အား ညောင်သုံးပင်ကျောင်းတိုက် ဆရာတော်မှ ရုတ်ခံဝိနည်းနှင့် ရှင်ကျင့်ဝတ်များ သင်ကြားပို့ချပေးမည်ဖြစ်သည်။ သန့်လျင်မြို့နယ် ပညာရေးမိသားစု၏ ရုတ်ခံ၊ ရှင်ပြု သီလရှင်ဝတ်အလှူတော်မှာ တတိယအကြိမ်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အနောက်ပိုင်းခရိုင် မထေ စုပေါင်းဒုလ္လဘရုတ်ခံပွဲ

ရန်ကုန် ဧပြီ ၂

ရန်ကုန်အနောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီစီမံမှုအောက်ရှိ ဌာနခွဲ ၆၊ ၁၀၅ (အုပ်ြ)ယာဉ်လိုင်းမှ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် လက်မှတ်ရောင်းများ၏ စုပေါင်းဒုလ္လဘရုတ်ခံပွဲကို သာကေတမြို့နယ် ရေနံမြေအနီး ရွှေဒဲသာလမ်းမကြီး အမှတ် (၅၂၂) ရှိ အောင်သုခ ကျောင်းတိုက်၌ ဧပြီ ၈ ရက်တွင် ကျင်းပမည် ဖြစ်ကြောင်းသိရှိရသည်။ **(မြန်မာ့အလင်း)**

အလေးမအဖွဲ့ချုပ်ခွဲနှင့် အလေးမအားကစားသမားများတွေ့ဆုံ

လမ္မတ္တာ ဧပြီ ၂

လမ္မတ္တာမြို့၊ ရဲတံခွန်အလေးမခန်းမ၌ လမ္မတ္တာမြို့နယ် အလေးမကလပ်ဖွဲ့စည်းရေး မှီဆက်သစ်အလေးမ သမားများမွေးမြူစောင့်ထုတ်ရေး၊ ၂၀၁၃ခုနှစ် အရွေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံလက်ရွေးစင်အားကစားသမား ပေါ်ပေါက်ရေးအတွက် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်မှ ဦးတိုက်ဝိုး၊ ဦးချစ်မြဲ၊ ဦးအောင်ညွှန့်၊ ဧရာဝတီတိုင်းဒေသကြီး အလေးမဆော်ကော်မတီအတွင်းရေးမှူး ဦးကျော့မြင့်နှင့် ဦးသန်းဌေးတို့သည် မတ် ၂၂ရက်က လမ္မတ္တာမြို့နယ်အတွင်းရှိ အလေးမဆော်ကော်မတီ အဖွဲ့ဝင်များ၊ အားကစားသမားများ၊ ခရိုင်အား/ကာလကိုထောက်ညွှန်ကြားရေးမှူး ဦးဝင်းသန်းတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (မြန်မာ့အလင်း)**

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဧပြီ ၂

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့်(၂)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေးအတွက် မတ် ၂၇ ရက်က ဖောင်ကန်ရပ်ကွက် အမှတ်(၂၆)၌ ရပ်ကွက်နေပြည်သူများအား ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ ဆောင်ရွက်ရာသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောဆန်နီချုန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြောက်ပိုင်းခရိုင် ဒုတိယခရိုင်မှူး ဦးသန်းဝင်း၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးတို့ လာရောက်ကြည့်ရှုရာ မြို့နယ်ဦးစီးဌာနမှူး ဦးထိန်လင်းသိန်းက နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုစာရင်းဆောင်ရွက်မှုတို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(မြို့နယ် လဝက)

ဓာတုပစ္စည်းထံပေးစာများ

လမ်းအတွင်းမှ ကော်ဆွဲလုပ်ငန်း ကြပ်မတ်ပေးပါ

စာတည်းခင်များ-

ရန်ကုန်မြို့တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက် မာယ(၁၅)လမ်းထောင့်ရှိ အိမ်တစ်အိမ်သည် ကော်ဆွဲခြင်းလုပ်ငန်းကိုလုပ်ကိုင်နေရာ ကော်ညော့နံ့ကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာက ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသူ လမ်းသားများ**

လျှပ်စစ်မီး တပ်ဆင်အသုံးပြုချင်

စာတည်းခင်များ-

လယ်ဧေးမြို့နယ် မြေမိုးကျောင်းစုကေးရွာရှိ ကေးရွာနေပြည်သူများ လူနေမှုဘဝမြင့်မားရေးနှင့် အသိပညာပွဲပြိုးထိုးတက်ရေးအတွက် သက်ဆိုင်ရာမှ လျှပ်စစ်မီး တပ်ဆင်သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါသည်။ **လျှပ်စစ်မီးလင်းလိုသူ**

လောင်စာဆီငရုတ်ဝယ်မှု ရှင်းလင်းပေးပါ

စာတည်းခင်များ-

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မြို့သစ်အလယ်ရပ်ကွက် မြို့မဈေးကြီးအနီး သိမ်ကျောင်းလမ်းနှင့် ဦးအောင်ဇေယျလမ်းထောင့်ရှိ အိမ်တစ်အိမ်သည် ဓာတ်ဆီ၊ ဒီဇယ်ဆီများကို တရားမဝင် ဝယ်ယူသိုလှောင်ရောင်းဝယ်နေပါသဖြင့် ရပ်ကွက်အတွင်း မီးဘေးအန္တရာယ်ဆိုးရိမ်ရပါသောကြောင့် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **မီးဘေးဆိုးရိမ်သူ**

စည်းကမ်းမဲ့သည့် ဈေးသည်များရှင်းလင်းပြီးဖြစ်

၅-၂-၂၀၁၂ ရက်နေ့ထုတ်မြန်မာ့အလင်းသတင်းစာတွင် ပါရှိသော **ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့ အုန်းပင်စုရပ်ကွက် နဝဒေးအကာကလစ်ရှိ စည်းကမ်းမဲ့ဈေးသည်များရှင်းလင်းပေးပါ** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွဲ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလို ပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဒိုလိတထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၃၄ ၀၁-၂၀၉၃၄၆ ၀၁-၂၀၉၃၇၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

အမြို့မြို့အနှယ်နှယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဧပြီ ၂

ကျောက်တန်းမြို့နယ်၌ လူငယ်အားမာန်စာကြည့်တိုက်ဖွင့်

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်မြေကျဉ်းကျဉ်းလှသူငယ် အားမာန်စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်လှစ်အခမ်းအနားကို မတ် ၃၀ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးလှမိုးအောင်၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမိုးဝင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးပိုင်၊ ရပ်မိရပ်ဖဦးဆောင်တင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

*အခမ်းအနားထွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက အမှာစကားပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ငွေက သုတ ရသ စာအုပ် ၁၅၀၊ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းက စာအုပ်စာစောင် ၂၀၀၊ စစ်ဘီးတောကျောင်းထိုက်ဆရာတော် ဦးပညာဘောက စာအုပ်စာစောင် ၂၅၀၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ကိုယ်စားမောင်နီနွယ်(ကျောက်တန်း)က သုတ ရသစာအုပ် ၇၀၀ ဦးကြည်ဝင်းက ဂုဏ်ယူသုတ ၁၀၅ စောင်၊ ကျေးရွာအလှူရှင်များက ကွန်ပျူတာနှစ်လုံးတို့ကို စာကြည့်တိုက်ကော်မတီဝင်များသို့ ပေးအပ်လှူဒါန်းခဲ့ကြသည်။ အဆိုပါ စာကြည့်တိုက်မှာ အလှူရှင် ၂၄ ဦး၊ အနှစ် ၁၄ ဦး၊ အမြင့် ၁၅၅ ပေ၊ သွယ်မိုး အုတ်ကာ၊ ကွန်ကရစ်ခင်း အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။** *(မြို့နယ် ပြန်/ဆက်)*

ဟိုပင်၌ စံအိမ်သစ် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့နယ်ခွဲ တကွင်းကျေးရွာအုပ်စု သဲခဲကျေးရွာ စံအိမ်သစ်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်များလှူဒါန်းပွဲအခမ်းအနားကို မတ် ၂၄ ရက် နံနက် ၉ နာရီက စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

အဆိုပါစာကြည့်တိုက် ဟိုပင်မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းဇော်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တိုးတိုးမေ၊ တကွင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးလောမာနီ၊ သဲခဲကျေးရွာအုပ်ချုပ်ရေးမှူး ဦးစီးမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** ထို့နောက် ဟိုပင်မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းဇော်က အမှာစကားပြောကြားပြီး ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဝင်းသိန်းက စာကြည့်တိုက်ဖွင့်ခြင်း၏ ရည်ရွယ်ချက်၊ စာကြည့်တိုက်ရေးရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားသည်။

အဆိုပါ စာကြည့်တိုက်သည် (၂၀ × ၃၇ × ၁၂) ပေ၊ သွပ်မိုး၊ နံကပ်၊ သမံတလင်းခင်းဖြစ်ပြီး သဲခဲကျောင်းတိုက်ဆရာတော် အရှင်ဣန္ဒာစက္ကန္ဓင့် အလှူရှင်များက ငွေကျပ် သိန်း ၃၀ အကုန်အကျခံ တည်ဆောက်ခဲ့သည်။ ဆက်လက်၍ စာကြည့်တိုက်အတွက် အလှူရှင်များက ပရိသောဂန္ဓင့် စာအုပ်စာစောင်များ လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘင်္ဂလားဒေ့ရှ် လေတပ်ဦးစီးချုပ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘင်္ဂလားဒေ့ရှ် လေတပ်ဦးစီးချုပ် Air Marshal Shah Mohammad Ziaur Rahman, ndc, fawc, psc ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဧရာဂျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဧရာဂျာသီရိဗိမာန်၌ ဘင်္ဂလားဒေ့ရှ် လေတပ်ဦးစီးချုပ် Air Marshal Shah Mohammad Ziaur Rahman, ndc, fawc, psc ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးဘုဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ် လေတပ်ဦးစီးချုပ်နှင့်အတူ Air Officer Commanding Bangladesh Air Force Base Bashar, Air Commodore M Naim Hassan, fawc, psc နှင့် ဘင်္ဂလားဒေ့ရှ်လေတပ်မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် စစ်သံမှူးတို့ တက်ရောက်ကြသည်။

ဆွေးနွေး

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဘင်္ဂလားဒေ့ရှ် လေတပ်ဦးစီးချုပ်၏ မြန်မာနိုင်ငံခရီးစဉ်သည် နှစ်နိုင်ငံတပ်မတော်နှစ်ရပ် အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုမြင့်တင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာ့တပ်မတော်နှင့် ဘင်္ဂလားဒေ့ရှ်တပ်မတော်မှ တပ်မတော်ခေါင်းဆောင်များ ချစ်ကြည်ရေးခရီး အပြန်အလှန်လည်ပတ်ခဲ့မှုများသည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို ဖော်ပြခြင်းပင်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာပြီဖြစ်သဖြင့် ဝမ်းမြောက်မိပါကြောင်း၊ နှစ်နိုင်ငံ နယ်စပ်ပြဿနာအချို့အား လည်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များပါ အပြန်အလှန်လည်ပတ်လျက်ရှိရာ ပုဂ္ဂိုလ်ရေးအရပါ ရင်းနှီးမှုရရှိလာသဖြင့် ဝမ်းမြောက်မိပါကြောင်း၊ ပူးပေါင်းဆောင်ရွက်ရာတွင် အောင်မြင်မည်ဟု ယူဆပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်လေတပ်ဦးစီးချုပ်က မြန်မာနှင့်ဘင်္ဂလားဒေ့ရှ် အပြန်အလှန် ချစ်ကြည်ရေးခရီးသွားရောက်ရ၍ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နှစ်နိုင်ငံအကြား အနာဂတ်တွင် ဘက်စုံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဆောင်ရွက်စေလိုပါကြောင်း၊ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံသည် တူညီသည့်ဒေသများတွင် နေထိုင်ကြပြီး တစ်မိုးတည်းအောက်တွင် အတူနေကာ ရာသီဥတုတူညီသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ရုံသာမက ညီအစ်ကို သဖွယ်လည်း ရင်းနှီးသည့် နိုင်ငံများဖြစ်ကြောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် ဆက်ဆံမှုသည် လွန်ခဲ့သည့် နှစ်ပေါင်း (၁၅၀)ခန့်ကတည်းက ဘင်္ဂလားဒေ့ရှ် ပြည်သူများ စစ်ဘေးသင့်မှုအား မြန်မာအစိုးရနှင့် ပြည်သူလူထု၏ ကူညီခဲ့မှုအပေါ် သမိုင်းအထောက်အထားများအရ အမှတ်ရလျက်ရှိပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအား ၁၉၇၁ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် လွတ်မြောက်သည့် နိုင်ငံအဖြစ် ထူထောင်ချိန်၌ မြန်မာနိုင်ငံက အစောဆုံး အသိအမှတ်ပြုခဲ့ပါကြောင်း၊ သမိုင်းအစဉ်အလာအရ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ရှိခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ လွတ်မြောက်ရေးစစ်ပွဲ ဆင်နွှဲခဲ့သည့်ကာလမှ ယခုအချိန်အထိ ကူညီခဲ့မှုများအား အမှတ်ရလျက်ရှိသည့်အပြင် မြန်မာအစိုးရနှင့် ပြည်သူလူထုကို ကျေးဇူးတင်ရှိပါကြောင်း၊ ထို့အပြင် မိမိအား မြန်မာ့တပ်မတော်(လေ)မှ များစွာကူညီဖူးပါကြောင်း၊ ထို့ကြောင့် ဘင်္ဂလားဒေ့ရှ်လေတပ်နှင့် မြန်မာ့တပ်မတော် (လေ)တို့သည် ညီအစ်ကိုသဖွယ်ဖြစ်၍ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များအား တိုးမြှင့်ဆောင်ရွက်လိုပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လူဦးရေ သန်း ၁၆၀ ကျော်ရှိ၍ စားနပ်ရိက္ခာခန့်ပတ်သက်ပြီး အိန္ဒိယ၊ *စာမျက်နှာ ၃ ကော်လံ ၅* ❖

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၁၇/၂၀၁၂)
၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်
(၂၀၁၂ ခုနှစ်၊ ဧပြီလ ၂ ရက်)

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ကြားဖြတ်ရွေးကောက်ပွဲ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြောက်ခံရသူများဖြစ်ကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉(ခ)နှင့် အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၄၄ဂ်တို့နှင့်ယှဉ်တွဲ၍ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည် -

စဉ်	အမည်	မှတ်ပုံတင်အမှတ်	မဲဆန္ဒနယ်	ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ
နေပြည်တော်				
(၁)	ဒေါ်စန္ဒာမင်း	၁၂/ဗဟန(နိုင်)၀၈၂၅၄၆	ဇမ္ဗူသီရိ	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၂)	ဦးနိုင်ငံလင်း	၁၂/ဥကမ(နိုင်)၁၇၆၃၈၉	ဒက္ခိဏာသီရိ	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၃)	ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော်	၁၂/လသန(နိုင်)၀၁၇၁၄၂	ပုဗ္ဗသီရိ	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၄)	ဦးမင်းသူ	၉/မကန(နိုင်)၀၇၉၇၇၂	ဥတ္တရသီရိ	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
စစ်ကိုင်းတိုင်းဒေသကြီး				
(၅)	ဦးခင်မောင်သိန်း	၅/စကန(နိုင်)၀၇၃၇၇၂	စစ်ကိုင်း	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၆)	ဒေါ်ခင်စန်းလှိုင်	၅/ဝလန(နိုင်)၀၇စ၄၆၁	ပုလဲ	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
တနင်္သာရီတိုင်းဒေသကြီး				
(၇)	ဦးအောင်စိုး	၆/သရခ(နိုင်)၀၀၅၀၆၉	လောင်းလုံ	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ပဲခူးတိုင်းဒေသကြီး				
(၈)	ဦးအောင်စိုးမြင့်	၇/တငန(နိုင်)၀၀၉၅၁၅	တောင်ငူ	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၉)	ဦးစိန်ထွန်း	၉/ဝတန(နိုင်)၀၈၁၀၇၄	ထန်းတပင်	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၁၀)	ဦးကျော်မင်း	၇/လပတ(နိုင်)၀၂၆၆၀၇	လက်ပံတန်း	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၁၁)	ဦးမြင့်ဦး	၇/သနပ(နိုင်)၀၅၁၁၂၃	သနပ်ပင်	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
မကွေးတိုင်းဒေသကြီး				
(၁၂)	ဦးပိုက်ကို	၈/ပခက(နိုင်)၀၁၇၁၁၁	ပခုက္ကူ	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၁၃)	ဒေါက်တာအောင်ဦးညို	၈/ပဖန(နိုင်)၀၀၄၅၅၃၃	ပွင့်ဖြူ	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၁၄)	ဦးမြင့်သိန်း	၈/ခမန(နိုင်)၀၀၅၆၃၇	မကွေး	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၁၅)	ဦးမြင့်အောင်	၈/မမန(နိုင်)၀၁၃၀၄၆	မြိုင်	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၁၆)	ဦးတိုးလွှေ(ခ)ဦးတင်ဌေးအောင်	၈/ရစက(နိုင်)၀၀၅၂၄၉	ရေစကြို	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

စာမျက်နှာ ၄ ကော်လံ ၂ ❐

မြန်မာအလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ
အိန္ဒိယ ပြည်တွင်းလုပ်ငွေပြုတ်တုလွှတ်တင်မည် စာ-၆
ဂူဂူးဌ် ရွေ့ခဲ့ပြင်ဝါးဖမ်းသမားများ ၆၀၀ ကျော် အရေးပေါ်ကယ်ဆယ်ရေး ပြုလုပ်ခဲ့ရ စာ-၆

မွန်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး ပေးဝေလျက်ရှိသော ဆည်တမံများ စာ-၇